# ယတာစမှလမ်းခွဲ




ဗုဒ္ဓဘာသာ၊ သာသနာပြုပုံနှင့်ဝိတိုက်

ဗားဂရာလမ်း ကုသိုလ်မြင့်

၃၂

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကျေးဇူးရှင် [illegible]

သာယာဝတီ ဦးညေယျ ဆရာတော်၏

ဩဝါဒ မေတ္တာ စေတနာအမှန်ဖြင့်

စိမ်ရေးသားထော်မူအပ်သော

# လူလား နွားလား

## ကျမ်းစာ

ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြို့ကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

လယ်တီမဏ္ဍိုင်-ပုံနှိပ်တိုက်
အမှတ် ၁၆၈၊ ၄၇-လမ်း၊ ရန်ကုန်မြို့။
၁၃၃၆-၃

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၆၀၂၂)

ပဌမအကြိမ်
၁၉၇၄၊ ဇူလိုင်လ
အုပ်ရေ ၄၀၀၀
တန်ဖိုး ၁-ကျပ်

ပုံနှိပ်သူ—

ဦးထွန်းလှိုင် (၀၄၁၃၃ မြ) လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်
အမှတ် ၁၆၀ ၄၇-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ—

ဝံသာနု-ဦးပျိုင် (၀၁၉၂) ဝံသာနု-ဦးပျိုင် စာအုပ်ဆိုင်
အမှတ် ၅/၆၊ ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့။

---

မညွန့်ဝေ
ပိဋကတ်စာအုပ်ဆိုင်
၃၀၊ ရွှေတိဂုံဘုရားကြီးတောင်ဘက် ဈေးဇတ်ရုံ၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

[ပဌမ



ကျေးဇူးရှင်
သာယာဝတီ ဆရာတော်-ဦးညေယျပုံတော်

# နိဒါန်း

★

တိုင်းသူပြည်သား တပည့်များတို့အား ရေးသားနှုန်းပြု ဆုံးမသွန်သင်မည်ဖြစ်သော ဤလူလားနွားလား စာအုပ်၏ အဓိကမေတ္တာ အလိုသော်ကား....မြတ်စွာဘုရား၏ အလိုတော်ကျ သဘာဝအတိုင်း ရိုင်းစိုင်းယုတ်မာသော အဖြစ်နှင့် ယဉ်ကျေး မြင့်မြတ်သော အဖြစ်တို့ကို စာပေမသင်ဘူးသော သူငယ်နှပ်စား ကလေးများပင် သိကြား နားလည်နိုင်ကြစေရန်နှင့် နားလည်ပြီးသော လူတိုင်းတို့သည် မိမိတို့၏ ပြုပြင်ဘွယ် ကိစ္စ အရပ်ရပ်တို့ကို အထပ်ထပ်ပြုပြင်ကြစေရန် လူဟူသော ဂုဏ်ဒြပ်နှင့် တထပ်တည်း ကိုက်ညီအောင် အဆောတလျင် ပြုပြင်ကြရင် ပြုပြင်ရမဲ့ နည်းတွေကို သိ၍ ထိထိရောက်ရောက် ပြုပြင်ကြရင် ကောန်ဒိဋ္ဌ တိုင်းပြည်တွင် မကဘဲ တိုင်းပြည်တကာ တကမ္ဘာလုံးကြီး ငြိမ်းချမ်းသာနတ်ရွာနိဗ္ဗာန်တံခါး ပွင့်တော့မှာဘဲဟု အသဲစွဲ ယုံကြည်သဖြင့် လွန်ကဲသော မေတ္တာကို ရှေ့ထား၍ ဆရာသမားတို့၏ ဝတ္တရားရှိသည့် အတိုင်း ရေးသားဆုံးမ လမ်းပြလိုက်ခြင်းသာဖြစ်ပေ၍ ဤစာအုပ်ကို မိမှန်းဘမှန်း ဆရာသမားမှန်း ကြီးမှန်း ငယ်မှန်းသိကြ၍ မိမိတို့အမှားကို မိမိတို့ပြုပြင်လိုသော အမျိုးကောင်းသားသမီးတို့သာ မှတ်သားဖတ်ရှုကြစေလိုပါသည်၊ ပင်္ကိသန္ဓေမှုမမှန်၍ မျိုးမကောင်း မျိုးမသန့်ဦးမှန်းပဲ့မှန်းမသိသော သူတို့ကို မည်သည့်အခါမှ ခွင့်မပြုကြောင်း အတိအလင်း ကျေညာလိုက်သည်။

အကြိမ်]

# နိဒါန်း

အကြောင်းကို ဇာတ်ပြန်၍ ထပ်မံပြီး ရှင်းလင်းပေးဦးအံ့။ ။ဆရာသည် ဗုဒ္ဓဘာသာ မြန်မာတိုင်းပြည်ကြီးနှင့်တကွ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟု ဆိုအပ်သော လေးပါးသော အကြောင်းတရားတို့၏ ကောင်းစားရာ ကောင်းစားကြောင်းတို့ကို ရဟန်းဝါ လေးဝါကပင် အသက်နှင့် စည်းစိမ်တို့ကို ပမာမပြု ဂရုမစိုက်ပဲ ဆောင်ရွက်အားထုတ် ပြုပြင်၍လာခဲ့ရာ ယခု ၁၃၁၉-ခုနှစ်တွင် ရဟန်းဝါ ၄၆-ဝါ၊ လေးဆယ်ခြောက်ဝါသို့တိုင် မယိမ်းမယိုင်သောမေတ္တာဖြင့် ဆောက်ရွက်လျက်သာ ရှိသည်ကို တတိုင်းတပြည်လုံး အသိဖြစ်ပေ၏၊ ဝါသနာဘာဂ ဆက်တိုင်းမှီဆိုသော စကားနှင့် အညီ သဂြောဏ်ဂါရမီအလျောက် တနေ့နေ့တွင် ဒို့တိုင်းပြည်ကြီး ကောင်းစေရမယ် ကောင်းယိမ့်အုံးမယ် လူတွေဟာ လူလိုသိပြီးတော့ လူစိတ်များပေါက်လာတဲ့နေ့တွင် ရေတွေသောကြာ ပုံပမာအသွား ထင်ရှားစွာ အမိုက်တွေပျောက်လျက် အလိမ္မာတွေ ရောက်ရမည် ဆိုတာ ယုံကြည် ပါသဖြင့် ဤလူသားနွားသားဆိုသောကျမ်းစာကို ရေးသား ထုတ်ဝေလိုက်ခြင်း ဖြစ်တော့ပေ၏။

ဤစာအုပ်တွင် ပါသော ဆုံးမစကားတို့ကို လိုက်စားဆောင်ရွက် နိုင်ကြပါစေ ကုန်သတည်း။

---

[ပဌမ အကြိမ်]



နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

---

ဆောင်ပုဒ်

နောင်လာ နောက်သား တပည့်များတို့ သိပြီးစရာ အပြာပြာကို အမှာစာရေး ဆရာပေးအံ့၊ ထွေးရစ်ကြွနော် တပည့်ကျော်တို့ အပော်ဝတ ဒုလ္လဘဟု ကြုံရမှုတာ လူတို့ရွာတွင် မှန်စွာမုချ လူဖြစ်ရသော် ဘဝတန်ဘိုး ဆထက်တိုးအောင် အားကြိုးမာန်တက် နေ့မပျက်ဘဲ ဆောင်ရွက်မှုသာ ကိုယ့်တွက်တာဟု သေချာတိစွဲ သိမလွဲနဲ့၊ ကြံလဲကောင်းထေ ပြောကောင်းစေ၍ လုပ်ထေ ကောင်းကောင်း ကောင်းသုံးကောင်းကို အကြောင်းနှင့်စပ် အကျိုးဟပ်မှ မျိုးမြတ်မူလ လူခေါ်ရ၏၊ သူမှစိတ်ကြံ အဓိဋ္ဌာန်နှင့် နိဗ္ဗာန်တောင့်တ လိုတိုင်းရ၏၊ ကိုမှချွတ်လွဲ အသိနဲ့၍ လုပ်လွဲပြောမှား လူအစားကို လူနွားဟုသာ ခေါ်ထိုက်ရှာသည်....ပါယ်ရွာသူ့အိမ် အမြဲနော်။

ပဋိညာဉ် ဝတ္ထုဂါထာ ရစနာ

မနုဿောဇာတိ ဝါ ဂေါဏော၊
သဉ္ဇာနတ္ထာယ အတ္တာနံ၊
ယထာဓမ္မံ ပကာသေမိ၊
ဒက္ခထ မဇ္ဈအာဒါသံ။

ဘောဇန္တော၊ လူ့ဘုံဘဝ စုဆုံကြ၍နေ့ညမကွာ တွေ့ကြ ဒါနှင့် မွေ့ကာနေကြပြီး အိုလူများတို့။ တုမှေ၊ ကိုယ့်ကိုယ်ကိုများ ဘယ်လိုစားဟု စိတ်ထားမရောက် တွေးမပေါက်ဘဲ မှောက်မှောက်မှားမှား နေကြ ပြီးကုန်သော သင်တပည့်အများတို့သည်။ အတ္တာနံ၊ ဘဝဇာတိ ရလာဘိသည့် အရှိနဂို မိမိကိုယ်ကို။ မနုဿောဇာတိဝါ၊ လူ့ရပ်လူ့ရွာ လူ့နေရာတွင် မှုရာကွဲပြား လူဘဲသားဟူ၍ ရှိ၏။ ဂေါဏော တိဝါ၊ ရုပ်သွင်လူစား ဟုတ်သော်ငြားလဲ မတရားလင့် မှားအခွင့်တွေကြောင့် နွားနှင့်တူထား နွားဘဲလား ဟူ၍ရှိ၏။ ဝါ၊ မနုဿော ဇာတိဝါ ဂေါဏော၊ ကိုယ့်ကိုယ်ကိုကြည့် ရှေ့နောက်သိဘို့ တိမတ်ပွားများ လူနွားလား ဟူ၍။ သဉ္ဇာနတ္ထာယ၊ မှန်ကန်သမုတ် ပြန်လှန်ထုတ်၍ အဟုတ်ပိုင်ပိုင် သိရှိနိုင်စေခြင်း အကျိုးငှာ။ အဟံ၊ သင်တို့ဆရာ မထေရ်ငါသည်။ ယထာဓမ္မံ၊ ဘုရားဟောဖော် တရားတော်နှင့် သင့်လျော်တင့်ဆန်း လူလားနွားလားဆိုတဲ့ ကျင့်စဉ်ကျမ်းကို၊ ပကာသေမိ၊ နိုင်ငံတလွှား တပည့်များကို သိကြပြီးစေရန် မေတ္တာမှန်ဖြင့် အမြန်မသွေ ပြလိုက်ပေအံ့။ တုမှေ၊ ရလာဘဝ ဒုလ္လဘတွင် ကြုံရပေလဲ မေ့ကြောဆွဲ၍ နေကြ

[ပဌမ

ကုန်သော သင်တပည့် အပေါင်းတို့သည်။ ဓမ္မအာဒါသံ၊ ဆရာနှုန်းပြ ဆိုဆုံးမတဲ့ ဓမ္မထမ်းစဉ် တရားတည်းဟူသော မှန်အပြင်ကို၊ တရားဆိုတဲ့ ကိုယ်လုံးပေါ် မှန်တော်ကြီးကို။ ဒကွေထ၊ အမှန်လက်ရှိ ဉာဏ်မျက်စိဖြင့် သတိပိုက်ခါ ကြည့်လိုက်ကြပါကုန်သော၊ ဒကွေထ၊ လူနေရာ ရောက်လာဘိတွင် တူပေတာကို ထောက်ခါသိရအောင် လူပကတိလား နွားပေလား ဆိုတာ ခွဲခြား၍ ကြည့်လိုက် ကြရာတော့သတည်း။

ရှစ်လုံးဘွဲ့

လူ့ဘဝများ …. ရခြားသော်သာ၊
လူလိုအသိ …. ရှိမှတော်တာ၊
မတရားသိ …. မှားဘိပေါ်လာ၊
လူသားဘဲ …. နွားလဲခေါ်စရာ။

ဇင်းရှစ်လုံးဘွဲ့ ဒေသနာကို သေအချာစဉ်းစား၍ ရင်းအဖျားအဓိပ္ပါယ်ကို နားလည်အောင် ရှင်းကြံအုံးစို့။ ကမ္ဘာလောကကြီး၏အလယ်မှာ တင့်တယ်လှစွာသော ဂုဏ်ဟိတ်နဲ့ လူတံဆိပ်ကိုတပ်ဆင်ကာ လူ၏အသွင်အပြင်နှင့်တကွ လူတို့၏ဘဝကို ရလာခဲ့သော် လူနှင့်တူမျှသော အသိတရားတို့ကို သတိထားခါ သင်ကြားတတ်မြောက်၍ လူနှင့်တူသော စိတ် ပေါ်ပေါက်ခါ လူ၏အမူအရာဖြစ်သော ကိုယ်, နှုတ်, စိတ်အား သုံးပါးသော အကျင့်အကြံတို့ကို မှန်မှန်ကြီးထားရှိစေရမည်။ မတရားသော အပြုအမူတို့ကို ပယ်ရှား၍ တရားသော အပြုအမူတို့ကိုသာ တကယ် ပွားများရမည်၊

အကြံ]

ဤသည်ပင် လူနေ့ရာကိုရောက်ခါ လူခေါ်လောက်သော သူတို့၏ စိတ်သဘောထား အမှန်ပေတည်း။

ဒါကြောင့်မို့–

မနောဥဿန္နံ ယဿ အတ္ထိ
တေနာတိ မနုဿော–တဲ့

ယဿပုဂ္ဂလဿ၊ လူတို့ပြေရှာ လူ့နေရာတွင် သေချာ ရောက်ပြား အကြင်သို့သော ပုဂ္ဂိုလ်အား။ ဥဿန္နံ၊ မြတ် သော။ မနော၊ စိတ်သည်။ အတ္ထိ၊ စင်စစ် ဝိသေ ရှိတော့ပေ ၏။ ဣတိ၊ အဲဒီလို။ တေန၊ ထိုသို့ စိတ်ကောင်း စိတ်မြတ် ရှိတုံလတ်သဖြင့် ရှိသည်အတွက်။ မနုဿော၊ မနုဿဆိုတဲ့ လူမည်၏။ မနုဿော၊ သုံးဆယ့်တစ်ဘုံ အဖြာဖြာတွင် စုံမကွာ ကြိုသာကြသော်လဲ ဒုလ္လဘာ ဂုဏ်မဟာရပေသည့် ပဋမတန်းတူအညီ တကယ့်ကို လူမည်ထေတော့သတည်း.... ပေါ့ကွယ်။

နဲနဲကလေး အထူး အာရုံစိုက်ပြီးတော့ စဉ်းစားလိုက်ကြ ကွယ် တပည့်များတို့ရယ်၊ ယက်စသတ်တော့ ငါဟာ လူ နေရာကို ရောက်လာတဲ့ လူတယောက် ပါကလား၊ ငါ့ သန္တာန်မှာ အချိန်ရှိသလောက် ဘယ်လိုစိတ်မျိုးတွေ ပေါ် ပေါက်နေပါလိမ့်မလဲဆိုတာ အကဲခတ်ကြစမ်းပါ၊ အဲဒီလို အကဲမခတ်ဘဲနေလေ တပည့်များကို အလွဲ စိတ်ဓာတ်တွေ က နှိပ်စက်ဖျက်ဆီးလေဘဲလို့ အမြဲ မှတ်ထားကြပါလေ၊ အလွဲဓာတ်တွေဝင်ရောက်နှောက်ယှက်သဖြင့်သာ၊မကောင်း

တာတွေကြို၊ မမှန်တာတွေကိုပြော၊ ယုတ်မာတဲ့ သဘောတွေနဲ့ တလှုပ်လှုပ် နေ့ရှိတိုင်း ထုပ်ကိုင်နေကြတာပေါ့။

ဒီအခါမှာ တပည့်များ ဘာဖြစ်သွားသလဲ စဉ်းစားပါ အပေါ်ရန်အသွင် သေးဆီကကြည့်လို့ မြင်တာကဖြင့် လူပါဘဲ၊ သို့ရာတွင် လူ့စိတ်မဝင် အသွင်နမူ ခြားနား လေသောကြောင့် တပည့်တို့ တမင် လူနွားဖြစ်ရရှာတာဘဲလို့ မြဲမြဲကြီးမှတ်ထားကြပေတော့၊ တခုကလေး သက်သာခွင့် ရနိုင်တာကဖြင့် နွားအစစ်ကို လူလိုသိအောင် ဆွဲဆောင် ပြုပြင်ဘို့ရာ မဖြစ်နိုင်ပြား သော်လဲ လူကဖြစ်တဲ့ နွားကိုမူ မိကောင်း, ဘကောင်း, ဆရာကောင်းတို့က အကျိုး အကြောင်းနှင့် အဆိုးအကောင်း တို့ကို ဝေဘန်၍ အဖြေမှန်သို့ ရောက်အောင် ဆွဲဆောင် ညွှန်ပြနိုင်ကြပါမူ လူစော်နံစရာ သက်သာခွင့်ကလေး ရှိပေသေး၏၊ တွေးလဲတွေး တွက်လဲတွက် ရှက်လဲရှက်ကြစမ်းပါ။ တိုင်းသူပြည်သား မိးအေးချိတ်မာ ဖြစ်နေတဲ့ တပည့်များဟာလဲ မျိုးရိုးစင်ကြယ်၍ ချိတ်နှင့်တူသော တပည့်များကိုသာ သတိပေးခြင်း ဖြစ်၏၊ မျိုးရိုးမသန့်၍ ကျောက်ခဲ ကျောက်တုံးနှင့် တူသော သူများကို သတိလဲမပေးလို ပြုပြင်ဘို့လဲ တို့စိတ်မကူးဝံ့တော့ပေ၊ သို့ကြောင့် တပည့်များ၏ ကိုယ်ကိုသာ ချိတ်ခဲထား,ကျောက်ခဲထား-ဆိုတာ ခွဲခြားကြပေတော့၊ ဆရာကဖြင့် ချိတ်ခဲနဲ့သာ တွေ့ကြုံရပါစေသားဟု ဆုတောင်း၏။

အိုတိုင်းသူပြည်သား မိးဝေးချိတ်မာ ဖြစ်၍ နေကြ ကုန်သော တပည့်များတို့ သတိထားစရာ အရေးကြီးလှစွာသော အကြိမ်]

ပြုပြင်၍ရနိုင်သည့် ပုဂ္ဂိုလ်နှင့် မရနိုင်သည့်ပုဂ္ဂိုလ်ကို ဤသို့ သိရှိနားလည်နိုင်စေရန် စာရင်းပြကာ ရှင်းကြပါစို့။

လူ့နေရာသို့ ရောက်လာသော လူဟူသမျှတို့သည် တမျိုးတစားတည်း ရောက်လာကြသည်မဟုတ်ပေ၊ ဥပမာ ထင်ရှားအောင်ပြရသော် ရန်ကုန်မြို့ရှိ ဆေးဆူမောတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမျှော်ရန် နိုင်ငံတော်မြို့ရွာ အသီးသီးတို့မှ လာရောက်၍ ဖူးမျှော်ကြကုန်သော သူတို့သည် တမြို့တရွာထည်းမှ လာရောတ်ကြသည်မဟုတ် အရပ်ရှစ်မျက်နှာမြို့တကာ ရွာတကာမှ လာရောက် ဖူးမျှော်ကြသကဲ့သို့ပင် ထို့အတူ လူ့နေရာဖြစ်သော လူ၏ဘုံသို့ရောက်လာကုန်သော လူတို့ဟာလဲ သုံးဆဲ့တဘုံဟုဆိုအပ်ကုန်သော ဘုံဘကာက ပင် ရောက်လာစုဆုံကြလေ၏။

သို့ကြောင့်-လူ့တွေဟာ ပုံ အမျိုးမျိုး ဂုဏ် အမျိုးမျိုး အပြောအဆို အကျင့်အကြံ အလုပ်အကိုင် စသည် မိမိတို့ဖြစ်ခဲ့သောဘဝက စရိုက်အားလျော်စွာ အမျိုးမျိုးပေါ်လာတွေ့ကြုံလာကြရပေသည်-ဆိုတာ စိတ်တွင်စွဲ၍ အမြဲတမ်း တထစ်ချ ယုံကြည်ကြပါလေ တပည့်တွေတို့။

ထိုသို့ များစွာသောဘုံတို့မှ ရောက်လာသူတို့၏ အဘော တူရာတူရာကိုစု၍ သဏ္ဌာန်ချလိုက်သော်၊ လေးခုသော အမျိုးအစားတို့သည်သာ ထွက်ပေါ်၍ လာသည်ကို ဤသို့သျှင် အသိအမှတ် ပြုကြပေရာ၏။

၁။ အလင်းကလာ၍ အလင်းသို့ပင် ပြန်မည့်ပုဂ္ဂိုလ် တမျိုး,
၂။ အလင်းက လာ၍ အမိုက်သို့ လိုက်မည့် ပုဂ္ဂိုလ် တမျိုး,
၃။ အမိုက်က လာ၍ အလင်းသို့ သွားမည့် ပုဂ္ဂိုလ် တမျိုး,
၄။ အမိုက်က လာ၍ အမိုက်သို့သာ ပြန်မည့် ပုဂ္ဂိုလ် တမျိုး....ရှိတယ်လို့ ကြိုတင်ကာ သိထားကြစေရာ ဘုရားက မှာတော်မူခဲ့သည်မှာ—

စတ္တာရောေ ပုဂ္ဂလာ လောကေ ဥပ္ပဇ္ဇန္တိ။

ကတမေ စတ္တာရော-

ဇောတိ ဇောတိ ပရာယနော၊

ဇောတိတမ ပရာယနော

တမော ဇောတိပရာယနော၊

တမောတမ-ပရာယနောတိ....တဲ့ ကွယ်တို့။

အနက်....လောကေ၊ လူ့ဘောင်ဌာန လူ့လောက၌။ လောကေ၊ ဘုံပေါင်းတကာ ကြိုတောင်းရာမှို ကြိုရာအမှု ဆုံကာစုကြ လူ့လောကကြီး၌။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ပုဂ္ဂလာ၊ ထက်အောက်ဝဲယာ အပြာပြာမှ ဖြစ်လာကြငြား ပုဂ္ဂိုလ်များတို့သည်။ စတ္တာရော၊ ဉာဏ်မြင်မျက်စိ ပါမရှိ၍ မသိဝိုးဝါး လူဆိုတာ အတူတူဘဲ ဘယ်သူထက် ဘယ်သူက ထူးသေးသလဲလို့ အမြဲတမ်း အရပ်စကား အမွဲ အကြွမ်]

အကန်း ဖြစ်ပြီးတော့ မှတ်မထားကြနဲ့ လေးဦး လေးစား အကျိုးပေး တရားတဲ့ အတိုင်း အမျိုးလေးပါး တို့သည်။ ဥပ္ပဋ္ဌန္တိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ်၍ လာလေသတည်း။

အဲဒါဟာ ဦးညောယျ လက်တန်းသဘော မဟုတ်၊ သုံးလူ့ထွဋ်ထား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး မပျက်တမ်း အဟောထုတ်ခဲ့ခြင်းပင် ဖြစ်ပေ၏၊ အဲဒီပုဂ္ဂိုလ် လေးမျိုး လေးစားရဲ့ အခြေအနေနှင့် အဖြေတွေကို ထပ်ခါ ပြောစေချင်လို့ ''ကတမေ စတ္တာရော'' အမေးစကား ထွက်လာတာပေါ့၊ ကတမေ စတ္တာရော၊ ဘယ်လိုအစား ဘယ်လိုအားဖြင့် ဘယ်လေးပါးတို့ပါနည်း ဟူမှုကား။

၁။ ဇောတိ ဇောတိ ပရာယနော၊ ဇောတိ ဇောတိ ပရာယန-ပုဂ္ဂိုလ်တယောက်။ ဇောတိ ဇောတိ ပရာယနော၊ မပျက်တမ်းအဝဝ ဖျက်ဖွာပန်းလှလှနဲ့ အထက်တန်းကျတဲ့ အလင်းသဝကသူမှိလာ၊လူတို့ရွာတွင် အလိမ္မာဓာတ်တွေနဲ့၊ ချိန်အခါမလပ် စာရင်းဟာ မှန်သဖြင့် အလင်း ရွာကိုသာ ပြန်၍ သွားမဲ့ပုဂ္ဂိုလ်က တယောက်-တဲ့ ကွယ်တို့။

တပည့်များ သိမှတ်စရာကောင်းလှချေရဲ့၊ စာမတတ်လို့ ပါဠိမတတ် အနက်မကျက်နိုင်တယ်လို့ ယက်မှိုင်ချ မနေရအောင်၊ ဟောဒီသံပေါက်ကလေးကိုတော့ ရထားကြပါစေကွယ်။

[ပဌမ

(သံပေါက်) "အလင်းကလာ၊ အလင်းရှာ၊ နှင်းရှာသူလဲ၊ တယောက်ပဲ" စာလို ဇောတိ ဇောတိ၊ ဗမာလိုတော့ ထင်းတယ် လင်းမယ် လာတုန်းကလဲ အထက်တန်းကျကျ အထင်းဘဝကလာပြီး လူနေရာသို့ရောက်လာတဲ့ အခိုက်ကလေးမှာ အမိုက်သွေး မဝင်ပါဘဲ အပြောအဆို အနေအထိုင် အသွားအလာ အစားအသောက် အကျင့်အကြံမှစ၍ အစဉ်အားဖြင့် လိမ္မာယဉ်ကျေးစွာ လိုက်စား ကျင့်ကြံသတဲ့၊ မိုက်တဲ့အသံကို မကြားလို မိုက်တာကို သဘောမကျမဟုတ်တာအဝဝ ယုတ်မာသမျှတွေကို ဘယ်တော့မှ ထုတ်ခါမပြပါသဖြင့် သေပြီးတဲ့ နောက်ကာလမှာ အလင်းဘဝမှ အလင်းကိုသာ ပြန်ရမည် ဖြစ်သည့်အတွက် "ဇောတိ ဇောတိပရာယနပုဂ္ဂိုလ်" တယောက်လို့ မှတ်ကြရမယ်တဲ့။

ကိုင်း–ဘယ့်နှယ်လဲဟေ့ တပည့်များ ကြပ်ကြပ်စဉ်းစား သတိထား၍ ကိုယ့်ကိုယ်ကိုပေါ့ကွယ် စဉ်းစားခန်းဝင်လိုက်ကြစမ်းပါ၊ ကိုယ်ရဲ့နေထိုင် သွားလာစားသောက် ကျင့်ကြံပုံတွေဟာ ဘယ်အခြေ ဘယ်အနေရှိတယ်၊ ဇောတိဇောတိတို့ရဲ့ အဆင့်အတန်းကို လက်လှမ်းလို့မှီနိုင် မမှီနိုင်၊ သူများပြောတိုင်း ယောင်ယောင်ပြီးတော့ မငိုင်ကြစမ်းပါနဲ့၊ ကိုယ်တိုင်ဝေဖန်နိုင်တဲ့ ဉာဏ်တွေကို ခပ်မြန်မြန် အရယူပါကွယ် တပည့်များရယ်၊ လောကရဲ့ သက်မွေးဝမ်းကျောင်း ဖြစ်တဲ့ လောကဓာတ်ပညာ ကိုးတန်း ဆယ်တန်း အိုင်အေ ဘီအေ လောက်ကလေး အောင်တာနဲ့ သွေးနားထင်ရောက်အောင် ဘဝင်မမြင့်ကြနဲ့အုံးနော်။

လောကကို ထွင်းဖောက် အမှားအမှန် တရားညက်တွေကို ထွင်းဖောက်ပြီးတော့ မြင်နိုင် သိနိုင်တဲ့ ဗုဒ္ဓ၏ ကိုးတန်း ဆယ်တန်း အိုင်အေ ဘီအေတွေကိုလဲ လေ့လာ သင်ကြားအမှတ် ထားကြစမ်းပါအုံး၊ တိုင်းပြည်ကြီးကို အုပ်ချုပ်လို မင်းနဲ့တူအောင် လူတလုံး သူတလုံးဖြစ်အောင် လုပ်ဘို့ရာ တကယ်လက်တွေ့ လုပ်ကြစို့ရဲ့ဆိုတာ ကိုယ်တိုင် ကြုံတော့ ယုံကြပြီပေါ့ကွယ်၊ မလွယ်ဘူးနော်၊ မင်းနာမည် ပါတဲ့ ထမင်းဖြစ်အောင် ချက်ပြစမ်းပါဆိုရင်ဘဲ ထမင်းချက်နည်းကိုမှ သင်ကြားဗာတ်မြောက်ခြင်း မရှိသူဟာ ဆန်နဲ့ရေကို ဘယ်လိုထည့် ဘယ်အလှည့်ကျတော့ ဘယ်လိုယောက်မနဲ့ မွှေ ဆန်စိတွေ ဘယ်အနေကျရင် ထမင်းအိုးကို မီးဖိုပေါ်ကချ ထမင်းရေ ငှဲ့ရတာက ဘယ်သဘော၊ စလောင်းဖုံး ချော်မကျအောင် လက်မနှစ်ချောင်းက ဘယ်လိုထား၊ ကျန်ရှစ်ချောင်းသော လက်များက ဘယ်လိုညှပ်၊ ထမင်းအိုးနှပ် တော့ ဘယ်လိုလုပ်၊ အောင်မယ် တကယ်ဆိုတော့ ထမင်းကလေး ဖြစ်ဘို့ရာတောင် အတော်ရှုပ်တဲ့ အလုပ်တွေပါလားကွယ် တပည့်တို့ရယ်၊ လောကသုံးပါးကို အုပ်ချုပ်ပြီး ဘုရားလုပ်တော်မူသွားနိုင်တဲ့ သဗ္ဗညုတညက်ရှင်ကို ကိုးတန်း ဆယ်တန်း အိုင်အေ ဘီအေလောက် အောင်ခါမျှ ဗုဒ္ဓသရဏံပင်နဲ့ တောင်ကပ်ပျောင်ကိုမှ ခွဲခြား၍မသိ မမြင်တဲ့ လူစားတွေက အံတုပြိုင်ပြီး အနိုင်လုနေတဲ့ အမှောင်ကြားထဲမှာ မီးဝေးချိတ်မာ တပည့်များက ယောင်ယောင်ဝါးဝါးနဲ့ မမှားကြပါနဲ့၊ မိရယ် ဘရယ်လို့မှ မထား၊ ဆရာရယ် သမားရယ်လို့လဲ မရှိ၊ ထင်မိထင်ရာ တစောက်ကန်းအလေ့

[ပဉ္စမ

တွေဟာ တနေ့ကျတော့ အောက်လမ်း တွေ့တတ်တယ် ဆိုတာ သဘောသိစေလို၍….

၂။ ဇောတိတမပရာယနော၊ နောက်တယောက်ကလေ ဇောတိတမပရာယန ပုဂ္ဂိုလ်ဘယောက်။ ဇောတိတမ ပရာယနော၊ မပျက်တမ်းပတခါ၊ အထက်တန်းကလာသော်လဲ မျက်ကန်းမှုပမာ၊ ဗုဒ္ဓပညာနဲ့သဖြင့် လုပ်သမှု အစဉ်မကွာ လွဲကာယောင်ရန်းသမားပေမို့ အမှောင်ထမ်းသို့ သွားရမဲ့ သူကလဲ တယောက်တဲ့ကွယ်။

သဘောပေါက်အောင် စဉ်းစား ဆရာ့အပေါ်မှာ ရန်ငြိုးမထားနဲ့ကွဲ၊ဩြ-ငါ့အဖေ အမေလိုဘဲ ငါ့ကို သနားချစ်ခင်လို့ အပြစ်မြင်သမျှတွေကို ပယ်ရှားပေးတာပါကလား လို့ စိတ်ကောင်းကလေး ထားကြကွယ်၊ အထက်တန်းကလာပြီး အထက်တန်းမှာ နားရပါရဲ့သားနဲ့ အောက်လမ်းကို သွားရမယ်ဆိုတာ မောင်တို့မယ်တို့တွေအတွက် သနားလွန်းလို့ သတိပေးတာကို တပည့်များ အသိမဝေးကြပါနဲ့၊ ထိုင်း-အမိပ္ပါယ်လင်းအောင် ရှင်းပြလိုက်အုံးမယ် ရှေးဦးစွာ ဟောဒီစာကလေးကို အရကျက်မှတ်လိုက်ပေအုံးကွယ်။

''အလင်းကလာ၊ အမိုက်ရွာ၊ လိုက်ရှာသူလဲ တယောက်ပဲ'' အေး-လာတုန်းကတော့ဖြင့် လူ့ ပြည် နတ် ရွာ လို ဆို တဲ့ အလင်းကလာတာဘဲ လူနေရာကို ရောက်တော့ လူကျင့်မကျင့် လူကြံမကြံ လူသံမထွက် ကလက်တက်တက် ဖျက်ချော်ချော် မတော်တဲ့ အမူအကျင့်တွေနဲ့ လုနှင့်သူနှင့် တူအောင် မနေတတ် ပေကပ်ကပ်မိုက်ရှုးရဲ့မှာ သေပွဲသို့ ဝင်

အကြွမ်]

ရမည့် နောက်ဘဝတွင် ကမောက်ကမနဲ့ အပါယ်လေးပါး သို့ ရောက်ရတော့မည့် မလွဲဖြစ်တဲ့ လူစားမျိုးကို ဇောတိ တမတဲ့၊ ကိုင်း-တပည့်များရဲ့ကိုယ်ကို တပည့်များ အသိသား ဘဲမှိုလား မှားမှန်သိရင် ပြင်တတ်ကြမှာပေါ့၊ လာခဲ့ရတဲ့ ဇာတိက ကောင်းပါရက်သားနဲ့ ဖြစ်ရတဲ့ ပဝတ္တိကျမှ အပေါင်းအသင်း ဟန်မကျလို့ အမိုက်ဘဝကို ပြန်ရလေရဲ့ ဆိုတာ ဝမ်းနည်း နှမြောစရာ ကောင်းလှတယ် တပည့် များရယ်၊ အသိသားနဲ့ ရှေ့ကိုတိုးပြီး ဆိုးအုံးမယ် မိုက်အုံး မယ်ဆိုတဲ့ အလုပ်တွေကို မလုပ်ချင်ပါနဲ့ နောက်ဆုတ်လိုက် ပါတော့လို့ ဆရာအထူး မေတ္တာရပ်ခံလို့ တောင်းပန်သတိ ပေးတယ်ကွယ်၊ ကိုင်း-လူနှစ်ယောက်ရှိသွားပြီနော်၊နောက် တယောက်က ဘယ်ယို ပေါ်လာပြန်သလဲဆိုတာ သဘော သိစေဘို့....

၃။ တမော ဇောတိပရာယနော၊ တမောဇောတိ ပရာ ယနဆိုတဲ့ ပုဂ္ဂိုလ်ကတယောက်။တမောဇောတိပရာယနော၊ ယောက်လှမ်း၍ မရနိုင်အောင် တစောက်ကန်း ဘဝဖြစ်တဲ့ အောက်တန်းကျကျက အမှုသာ၍ လူ့ရွာတွင် လူဖြစ်ငြား သော်လဲ လူ့အစစ်များကို ပေါင်းသင်းရသဖြင့် ကောင်း သတင်းအဝဝ စာရင်းကများသောကြောင့် အထင်းဘဝသို့ သွားရမဲ့သူကလဲ တယောက်တဲ့ကွယ်။

ကိုင်း....အတုယူကာ အားကျစရာမကောင်းပေဘူးလား အဲဒါမျိုးကို အတု့ခိုးကြမှပေါ့ အလာ မကောင်းသော်လဲ အပြန်ကောင်းဘို့အရေးကြီးတယ်။ အဲဒီလို....အပြန်ကောင်း

[ပဥ္စမ

ဘို့ဆိုတာကလဲ အကြောင်းရင်းကိုစစ်လိုက်တော့ အပေါင်း အသင်းရဲ့ စနစ်ပေါ့၊ အပေါင်းအသင်းဆိုတာကလဲ သက်ရှိ အပေါင်းအသင်း, သက်မဲ့ အပေါင်းအသင်း၊ လူကော် လူကောင်းနှင့် ပေါင်းသင်းခြင်း, လူဆိုးလူယုတ်နှင့် ပေါင်း သင်းခြင်းရယ်လို့ နှစ်မျိုးရှိသကွဲ့၊ တပည့်များရဲ့ အပေါင်း အသင်းကို တပည့်များတို့ဘဲ ကျည့်ရှုစစ်ဆေးကြပါ၊ ငါသင် ကြား၍ လိုက်စားနေတဲ့ ပညာဟာ ငါ့လူနဲ့ တူပြီး လူလို သိတဲ့ အသိမှန် ရအောင် ဆွဲဆောင် နိုင်မဲ့ အတတ်ပညာ လား၊ သို့မဟုတ် လူစိတ်ကင်းပျောက် ခွေး, ဝက်, ကြက်, ဘဲ, ကျွဲ, နွား-စသော တိရစ္ဆာန်စိတ်တွေ ရောက်အောင် ဆွဲဆောင် ယူငင်သွားမဲ့ ပညာလား ဆိုတာ ဦးကျောက် အေးအေးနဲ့ တွေးတော စဉ်းစားလိုက်စမ်းပါလား တပည့် ရယ်၊ ငါ ပေါင်းသင်း ဆက်ဆံနေတဲ့ အပေါင်း အသင်း သူငယ်ချင်း တွေဟာ ဘယ်လို အမျိုးအစားတွေ ဘယ် အကျင့်မျိုးတွေကို လိုက်စား ကျင့်ကြံနေတဲ့ သူတွေလဲ၊ သူတို့တတွေနဲ့ ပေါင်းသဖြင့် ငါဟာအကောင်းဖြစ်မလား၊ သို့မဟုတ် အဆိုးဖြစ်မလား ဆိုတာကို သိစေရတယ်၊ "မဲနဲ့ နီပါး အတူထားက နီပါး မဲစော်နံတယ်" ဆိုတဲ့ စကား အတိုင်း ကောင်းတဲ့ဆက်ကို ပါတာကနဲပါး မကောင်းတဲ့ ဆက်ကို ပါသွားတာတွေကသာ များတတ်တယ်နော်။

ဟော အခု တမော ဇောတိရဲ့ သဘောက ဗမာလို ပြောရင် အမိုက်ဘဝက ထာပြောသော်လဲ လူတော် လူ ကောင်း မိဘဆရာသမား ကောင်းတွေနဲ့ ပေါင်းသင်း ဆက်

ဆံရတဲ့အတွက် အလိမ္မာဆက်ကို ပြောင်းလိုက် ပါသဖြင့် လူကောင်း သူကောင်း တယောက်ဖြစ်ခါ အလင်းရှာဆို သွားရမဲ့ "မိုက်ထင်း" လို့ ခေါ်တာပေါ့ကွယ်၊ ဒါကြောင့် ဟောဒီထက်ာစာ သံပေါက်ကလေးကို တပည့်များရဲ့ ဦး ေႏှာက်ထဲမှာ သွင်းထားလိုက်ကြပါ။

"အမိုက်ကလာ၊ အလင်းရှာ၊ နင်းရှာသူလဲတယောက်ပဲ" တဲ့ ကွယ်။ ကိုင်း တော်တော်ကလေး သဘော ပေါက်ကြ ရဲ့ ထား တပည့်များရယ်၊ အတုယူလောက် တာကိုမှ အတုယူ တာ သင်ကြား မှတ်သားရတယ်....အတုမယူလောက်တာ တွေကို အတုမယူ မသင်ကြားရဘူးနော် တပည့်များ အမြဲ သတိထားဘို့ ဟောဒီ လူနဲ့နွားတို့ရဲ့ ဖြစ်ပျက်ပုံကလေးကို စဉ်းစားပြီးတော့ ကြည့်ကြ ပေတော့ကွယ်.... ဘယ်သူက အထက်ကျလို့ ဘယ်သူကအောက်ကျနေတယ်ဆိုတာ အမြင် သားဘဲမို့လား၊ အထက်ကစီးထားတာကလူကွဲ့၊ အောက်က ကုန်းနေတာက နွားနော် အဲဒါ တပည့်များ အထူး သတိ ထားကြစရာဘဲကွယ်။

ပညာရှိသူနဲ့ ပညာမရှိသောသူများရဲ့ သွားလာနေထိုင် လုပ်ကိုင်ရှာဖွေ စားသောက် ကြရတာတွေ ကွာခြားပုံပေါ့ ကွယ်၊ ကိုယ်ပညာ အစွမ်းသတ္တိနဲ့ နေထိုင်လုပ်ကိုင် စား သောက်နိုင်တဲ့အပြင် သူတပါးတို့ကို စည်းကမ်းနည်းလမ်း ပြပြီးတော့ ရှေ့ဆောင် ရှေ့ရွက်လုပ်ခါ သူတကာ့ရဲ့အပေါ် က နေထိုင်နိုင်တာ ဘယ်အတွက်လဲ, ဘာနဲ့ ဥပမာတူသလဲ၊ သူများေးသမှုယူ ကျွေးသမှုစား ထားရာကနေ စေခိုင်း

[ပဌမ



သမျှ သွားလာလုပ်ကိုင် နေထိုင်ရတယ်၊ အောက်ကျ နောက်ကျ ဖြစ်နေတယ် ဆိုတာက ဘာသဘော ဘယ်အတွက်ပါလဲ, ဘာနဲ့ဥပမာတူသလဲ အမြဲစဉ်းစားကြကွယ်၊ ကုသိုလ်ကံမကောင်း အကြောင်းမလှလို့ နွားဘဝကို ရောက်နေရတဲ့ အကြိမ်]

အတွက်နဲ့ အောက်ကျနောက်ကျ သူများပေးသမျှ ကျွေးသမျှစား ထားသလိုနေရတယ်၊ ရိုက်နှက်နှိပ်စက်သမျှ ခံရတယ်၊ ခိုင်းသမျှတွေကိုလုပ်ရတယ်ဆိုတာက တိရိစ္ဆာန် ဖြစ်နေပေသကိုလို့ပြောနိုင်စရာ ရှိပါသေးတယ်၊ အခုတော့ လူလူချင်း နွားအမှတ်နဲ့ မအားလပ်ရအောင် နှိပ်စက် ညှဉ်းဆဲခံနေရတာတွေဟာ သေတာကတဲ ကောင်းပါလိမ့်မယ် ထင်ပါရဲ့ တပည့်များရယ်၊ ဒါကြောင့် တပည့်များရဲ့ ပျင်းရိ ထိုင်းမှိုင်းတဲ့စိတ်တွေကို တဆိတ်လောက် မြှောက်ပေး လိုက်ကြစမ်းပါလို့ ဟောဒီ ရှစ်လုံးဘွဲ့ ကဗျာကလေးကို ရအောင် ကျက်ပြီးတော့ နေ့စဉ်မပျက် ရွတ်ဘတ်ပေးကြပါကွယ်။

ရှစ်လုံးဘွဲ့ကဗျာ

လူသိမသိက .... ငါမနေ၊
လူကျင့်မကျင့်ရ .... ငါမသေ၊
လူသိလူကျင့် .... တူခွင့်ရှာဖွေ၊
လူအလုပ် .... ငါလုပ်ပါတော့မလေ။

မကောင်းကြပေဘူးလားကွယ်၊အဲဒီရှစ်လုံးဘွဲ့စာကလေးက ဘာနဲ့ ဥပမာတူသလဲဆိုရင် ထေယာဉ်ပျံ, မော်တော်ကား, မီးရထား, မီးသင်္ဘောတွေ လိုရာခရီးသို့ ထွက်မယ်ကြီတော့ မှန်မှန်ကြီး စက်နှိုးလိုက်သလိုပေါ့ကွယ်၊ လူ့ရပ်နတ်ထံ နိဗ္ဗာန်ဆိုတဲ့ အထင်းနေရာ အထင်းရွာကို သွားရမဲ့ လူပုဂ္ဂိုလ်များလဲ တရားတည်းဟူသော ဓမ္မစက်ကို နှိုးလိုက်ခြင်းဘဲကွဲ၊ အဲဒီစာကလေး ပါးစပ်ထဲမှာ ကြေလေထေ၊

[ပဋ္ဌမ

လူနဲ့တူအောင် သိချင်တာတွေ ကျင့်ချင်တဲ့ သဘောတရားတွေ ပေါ်လာလေလေဖြစ်လာလိမ့်မယ်၊ သူတပါးရဲ့အောက်ကျ နောက်ကျ လူနွားဖြစ်နေရတဲ့ ဘဝက လွတ်အောင် ရုန်းမယ် ရုန်းပါသော်ကောဆိုတဲ့ စိတ်ဓာတ်တွေ မပြတ်မပြတ် ပေါ်လာလိမ့်မယ်၊ အထူးအားထုတ် လေ့ကျင့် ကြည့်ကြစမ်းကွယ်။

အခု တပည့်များ မြင့်မောက်ပြီး မြောက်ကြွတက်နေတဲ့ စိတ်တွေက မိဘဆရာသမားများနဲ့ ညီအစ်ကို မောင်နှမ အိမ်သူအိမ်သားများ, သက်ကြီးရွယ်ရင့်များရဲ့ အပေါ်မှာသာ လူမထင် သူမထင်ဘဲ ဘဝင်မြင့်နေကြတာ မြောက်ကက်နေကြတာ၊ အဲဒီလို ထင်ရော ပညာကျော့ဟာ နေထွက်တဲ့အရပ်ကလာတဲ့ ပညာမဟုတ်၊ နေဝင်တဲ့အရပ်ကလာတဲ့ ပညာတွေကွယ့်၊ ဒါကြောင့် တပည့်များရဲ့ စိတ်ထဲ ညက်လဲ မျက်စိထဲမှာ မြင်နေစေချင်လို့ ဟိုဘက်က စာမျက်နှာမှာ ဆရာတင်ပြလိုက်တဲ့ လူနဲ့နွားကိုသာ ကြိုးစားပြီး သဘောပေါက်အောင်ကြည့်ပါ၊ ဖြစ်ပျက်ပုံအမှန်တွေကို သိကြပါတော့၊ အလင်းကလာပြီးတော့ အမိုက်ကို မပြန်ရတော့ဘဲ အမိုက်ကပင် လာသော်ငြားလဲ အလင်းကို သွားမယ့်ကြိုး ကြိုးစားစေချင်တယ် ..နေဝင်ပညာရှိတတွေကွဲ့။

အင်း....သုံးချိုးသုံးစား မှုပြည်ကို ရောက်လာကြတာ လူသုံးစား ရှိသွားပြန်ပကောကွယ်၊ ကျန်သေးတဲ့ နောက်တစားကို အောက်နားမှာ ကြည့်ပြီးတော့ သိကြပါစို့။

၄။ တမောတမပရာယနော၊ တ မော တ မ ပ ရာ ယန အမည်ရသော ပုဂ္ဂိုလ်က တယောက်၊ တမောတမပရာ

ယနေ့၊ ပဋိသန္ဓေကလဲ အောက်တန်း ကျကျ၊ အရှိညက် အခြေကလဲ ထောက်လှမ်းလို့ မရ၊ ပကတိပဟန်အနေ တစောက်ကန်းဘဝကပေမို့ လူ့ပြည်သို့ ထောက်လှမ်းကြခဲ့ပြီး ပေါက်ပန်းတမျှ အနံ့ကင်းတဲ့ နမူနာ မသန့်ရှင်းတဲ့ အမှုအရာ အလေ့ဝွစရိုက် အမှားတွေကို နေ့ညလိုက်စား ထိုက်ရာတွင် နားမှာကြောင့် သေပြီးတဲ့အခါ အမိုက်ရွာသို့ ဝင်သွားရမဲ့ သူကလဲ တယောက်····တဲ့ကွယ်။

အမိပ္ပါယ်ကို သဘောပေါက်ကြတယ် မိုလား တပည့်များ၊ "သန်းခေါင်ထက်ညဥ့်တိုး မနက်ဘူး"ဆိုတဲ့ စကားအတိုင်းပေါ့ကွယ်၊ လာတုန်းကလဲ ခွေး ဝက် ကြက် ငှက်ကျွဲနွား ဆင်မြင်းစတဲ့ အပါယ်ရွာတွေက ပါလာတဲ့ သွေးတွေက မကုန်သေးတဲ့ဟန် ရှိနေတော့ ကြီမိကြီရာ လုပ်မိလုပ်ရာတွေမှာ မဟုတ်တာတွေကိုချည်း လိုက်စား အမိုက်တရားတွေကိုသာ ခတ်စားတွေ့တော့ အဲဒီသတ္တဝါမျိုးတို့ရဲ့ သဏ္ဌာန်မှာ ဘယ်တော့မှ အမြတ်ဓမ္မတွေ မမွေ့နိုင်ဘူးပေါ့၊ လူ့ပြည်မှာ လူရယ်လို့သာ ခေါ်ရတယ်၊ လူနေလူစား လူသွားလူလာ လူနဲ့တူတဲ့အမူအရာ ဆိုတာကတော့ ပြောစရာတကွက်မှမရှိ သက်သက် ဝွစာအတိဘဲ၊ သူများက တောင်ဆို သူကမြောက်, အနောက်ဆို အရှေ့၊ အဲဒီလို လူစားမျိုးကို ငါ့တပည့်တွေ တွေ့မြင်ရဘူး ပါလိမ့်မယ်၊ လူတကာမေးငေါ့ မျက်စောင်းထိုး ခံရတဲ့ အစားတွေပေါ့ကွယ်၊ သူ့အမေဟာ မီးသွေးခဲစားပြီး သန်းခေါင်လောက်မှာ မွေးဖွားတာနဲ့ တူပါရဲ့ မဲ့မဲ့ရွဲ့ရွဲ့နဲ့ အတင်းပြောခံရတဲ့ အစားဆိုတော့ ဘယ်မှာ အလင်းတရား အမှန်တရားတွေ

[ပဥ္စမ

ကို လိုက်စား သင်ကြားနာယူ ကျင့်ကြံခြင်း ရှိတော့မလဲ၊ တလမ်းသွားတွေပေကိုးကွဲ၊ အဲဒါကြောင့် ရမ်းကား ဆိုး ညစ်တဲ့ အနေလှအထတွေကို တပည့်များ ဟောဒီစာအုပ်ကို တွေ့ကြတဲ့ ယနေ့အခါကစပြီး အထူး ရှောင်ကြဉ်ကြပါလို့ ဆိုတာ ဆရာက အများကြီး မေတ္တာ ရပ်ခံတယ်ကွယ်၊ ပြီး တော့ တပည့်များ ပါးစပ်ထဲမှာ အမြဲတမ်း ဆင်ခြင်တွေး တောနိုင်စရာ ဟောဒီလင်္ကာ သံပေါက်ကလေးကို ရထား ကြပါစေကွဲ။

**အမိုက်ကလာ၊ အမိုက်ရှာ**
**လိုက်ရှာသူလဲ၊ တယောက်ပဲ။**

စာလိုတော့ ပဌမောတမ၊ ဗမာလိုတော့-မိုက်မိုက်၊ တခါ မိုက်သာမက နှစ်ခါမိုက်ကြတယ်ပေါ့၊ ဒါကြောင့် ရှေးက စကား အရှိသား ရှိလားကွယ်၊ ငရဲကလာသူ ပြာ့မှုကို မကြောက်ကြဘူးတဲ့။ အပါယ်လေးပါးက တက်လာသူတွေ ဟာ မကောင်းကြံ ကိုလဲ မကြောက်၊ မကောင်းသံတွေ ထွက် ဆိုတာကတော့ [illegible] အိမ် တက်သားတွေ နား နှစ်ဘက်ကို လက်နဲ့ ပိတ်ထားရအောင် ယုတ်ယုတ်မာမာ ညစ်ညစ်ညမ်းညမ်းတွေကို ပက်ပက်စက်စက် ထွက် [illegible] ပြောဆိုအော်ဟစ်ကြတယ်၊ အဲဒီအသံမျိုးကိုသာ ကြားရရင် မှတ်ထားကြပေတော့ ဒီပါးစပ်ဟာ တမောတမ ပါးစပ်ပဲ ဆိုတာ သိရောပေါ့၊ လုပ်ကိုင်တဲ့ အလုပ်အကိုင်တွေမှာ လဲ အတူတူပေါ့၊ ယုတ်ယုတ်မာမာနဲ့ မဟုတ်ထာ မတော် တာကိုမှ လုပ်တတ်တယ် လုပ်ချင်တယ်။

သူများကိုမြင်၊ ကိုယ်ဆင်ခြင်၊
သူများကိုကြည့်၊ ကိုယ်ကသိ၊
မရှိတာကို ရှိအောင်လုပ်····တဲ့။

ကိုင်းကွယ် အဲဒီစကား သုံးခွန်းရဲ့ အဓိပ္ပါယ်ကို နားလည်ကြဘို့ အရေးမကြီးပေဘူးလား၊ ယုတ်မာတဲ့ အကြံအသံအလုပ်ပေါ့ကို ကြားတာမြင်တာ သိတာနဲ့ တခါထဲ ရှောင်လွှဲ ပစ်ပယ်လိုက်ရမယ်၊ ကိုယ့်သန္တာန်မှာ ကောင်းတဲ့ အကြံ အစည် အပြောအဆို အလုပ်အကိုင် မရှိသေးရင် အချိန်ဆွဲမနေကြနှင့်၊ အမြန်ဆုံးရှိအောင် လုပ်ရမယ်ဆိုတဲ့ဟာကို မြမြကြီး မှတ်ကြပါလို့ ဘုရားရဲ့ အမိန့်တော်က····

ဟိုဟွေငေ၊ ဘုံသာမှ ဇလှုင်ခဲ့တွင် ဝ မြုပ်ယဲမြုပ် တငုတ်ငုတ်ပြိုးပေ့ တမြုပ်မြုပ်ပေါ် အရှိန်မတုန်လှုတာကြောင့် ကလိမ်ပြိုကျ နေကိုင်ကြကုန်သော ချစ်သားတသီး ချစ်သမီးတို့။ လောကသား၊ လူ့ဘောင်ဘဝ လူ့လောကကြီး၌။ စတ္တာဝေ၊ လေးမျိုးလေးစား မျိုးလေးပါးတို့သည်။ ဇာတိ၊ ဘွဲ့ဒီလို ယမုန္နာ နှံပြဲ ဆိုခုံးမသည့်အတိုင်း။ ဥပ္ပဋ္ဋိ၊ ဖြစ်ပေါ်၍ လာလေကုန်သော။ ဥပ္ပဋ္ဋိ၊ ဖြိုဖယော သို့လော အပ္ပံ့ယော ဟု တွေးတောခဲ့မှား ရှုံပြားကြ၍ သတိထားခါ အမြင်ဖြစ်တော့သဖြင့် စင်စစ်မသွေ တကယ်တမ်း ဖြစ်ပေါ်၍ လာလေသတည်း။

လောကကြီးမှာ ဖြစ်ပေါ်လာသော လူတို့သည် တမျိုးတစားတည်းမဟုတ် လေးမျိုး လေးစား ရှိပါကလား၊ ထိုလေးမျိုးတို့တွင် ငါသည် ဘယ်အမျိုးထဲက ပါလဲလို့ အမြ

စဉ်းစား နိုင်စရာ ပဟေဒိ အကွက်ခလေး ဿးကွက်ကို တပည့်များရဲ့ထက်ကလေးနဲ့ထောက် ဦးကျောက် ကောင်း ကောင်းနဲ့ စဉ်းစားကြပေဦးတော့ကွယ်။

## အထူး သတိပြုကြစရာ

နွားသည် လူလိုသိ၍ လူလိုကျင့်ကြံ အားထုတ်လုပ်ကိုင်ဘို့ရာ ခဲယဉ်းလှ၏၊ ဘယ်နည်းနဲ့မှ လူလိုသိ၍ မကျင့်ကြံနိုင်။

လူသည် လူလိုသိ၍ လူလိုကျင့်ကြံ အားထုတ်နိုင်သည့်အပြင်၊ တခါတခါ နွားလိုသိပြီး နွားလိုကျင့်ကြံရုံမက နွားထက်အောက်ကျအောင်ပင် အထူးယုတ်မာစွာ ကျင့်ကြံကြသေးသည်ကို သတိပြု၍ သိမှုရှိကြပါလေ တပည့်တွေတို့။

| | | |
|---|---|---|
| ၁။ | ဇောတိ ဇောတိပရာယန- | အလင်းကလာ<br>အလင်းပြန်မဲ့လူ |
| ၂။ | ဇောတိ တမပရာယန- | အလင်းကလာ<br>အမိုက်သွားမဲ့လူ |
| ၃။ | တမော ဇောတိပရာယန- | အမိုက်ကလာ<br>အလင်းသွားမဲ့လူ |
| ၄။ | တမော တမပရာယန- | အမိုက်ကလာ<br>အမိုက်ပြန်မဲ့လူ |

ပြန်မဲ့လူနှစ်ယောက်, သွားမဲ့လူနှစ်ယောက်၊ တပည့်များ လက်နဲ့ထောက် ဘယ်အကွက်မှာ ရောက်နေတယ် ဆိုတာ သေသေချာချာ သတိပြု သိမှုကို အသုံးချရအောင် ဆရာ ရေးသား ဆုံးမထားတဲ့ သံပေါက်သင်္ကာကလေးက—

(၁) အလင်းကလာ .... အလင်းရွာ၊
နင်းရှာသူလဲ .... တယောက်ပဲ။
(၂) အလင်းကလာ .... အမိုက်ရွာ၊
လိုက်ရှာသူလဲ .... တယောက်ပဲ။
(၃) အမိုက်ကလာ .... အလင်းရွာ၊
နင်းရှာသူလဲ .... တယောက်ပဲ။
(၄) အမိုက်ကလာ .... အမိုက်ရွာ၊
လိုက်ရှာသူလဲ .... တယောက်ပဲ။

အထူ.သတိထား၍ မှတ်သားစရာ လူ့နတ်, နိဗ္ဗာန် သုံး တန်သော ဌာနကို အလင်းဘဝ အလင်းရွာ အလင်းနေရာ ဟု မှတ်ထား။

ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေး ပါးကို အမိုက်ဘဝ အမိုက်ရွာ အမိုက်နေရာဟု မှတ်ထား၊ ကိုယ်သွားရမဲ့ ရွာအစဉ်ကို ကိုယ်မြင်အောင်ကြည့်၊ သတိမေ့ မနေနဲ့ သေကြမဲ့နေ့သည် ဆရာ့ကို အလွန် နီးကပ်လှချေ၏ ကွယ်၊ သုံးဆယ့်တဘုံအတွင်း ဖြစ်သာခြင်းတို့ဟာ သေကြေ ပျက်စီးခြင်းမှာ အဆုံးသတ်ရတာ ဓမ္မတာဘဲကွယ်၊ ဖြစ်ပြီး ရင် ပျက်မယ် ဆိုတာကို မသိမှုကြောင့် တို့လူစုတွေ အမြဲ

[ပဥ္စမ

တမ်း မှားချင်တိုင်း နေ့ရှိသလောက် လရှိသလောက် ဘဝ ရှိသလောက်မှာ မာန်မာနတွေ ယက်ကိုင်ထားလို့ နင်ထား ငါထား သတ်ပုတ်ညှဉ်းဆဲထားနဲ့ ဒုတ်ဓားထက်နက် စွဲကိုင် ချက်တွေဟာ ဆရာယခုပြထားတဲ့ ကွက်ရှင်းနဲ့ အပျက် စာ ရင်းကို နားမလည်မှုတွေပေါ့ကွယ်။

သို့သော် ဆရာက တပည့်များကို ဘယ်လောက်ပင် ကောင်းစေချင်လို့ ပြုပြင်လင့်ကစား ဟိုတင်းပြောတဲ့စကား လို နဂိုရှိမှ နဂိုင်းထွက်သတဲ့ အထက်တန်းကျတဲ့ ပင်္ကိုသန္ဓေ မျိုးကိုမှ ပြုပြင်လို့ရနိုင်တယ်၊ အောက်တန်းကလာတဲ့ ကလေ ကဝ ပေါက်လွှတ်ပဲစား ပင်္ကိုသန္ဓေမျိုးကို ပြုပြင်လို့ ရဘို့ရာ မလွယ်လှဘူး၊ ဥပမာ ဘယ်လိုလဲဆိုရင်-မြေကောင်း မြေ သန့်မှာစိုက်ရတဲ့ သစ်ပင်နဲ့ မြေညံ့ မြေကျပ်မှာ စိုက်ရတဲ့ သင်ပင်လိုပေါ့ မြေကောင်း မြေသန့်က သစ်ပင်ဟာ မကြာ ခင် အခက်အလက် ဝေဝေဆာဆာ နှင့် သန်သန်မာမာကြီး ဖြစ်ထွန်းလာနိုင်တယ်၊ မြေညံ့ မြေကျပ်က သစ်ပင်ကျတော့ ရေလောင်း မြေတောင်မြှောက်ပေးခင်းကကို တပြေးပြေး ခြောက်ကပ် တွန့်လိမ်ကာ သေကြေ ပျက်စီး သွားသလို တမောတမ ပင်္ကိုသန္ဓေမျိုးဟာ အားကိုးဘို့မထင် မျှော်လင့် ချက်မမြင်လှပေဘူး၊ ဇောတိ ဇောတိတို့မျိုးက နူးညံ့ ပြော့ ပျောင်းတဲ့ လမ်းကောင်းကို အမြဲလိုက်စားတယ်၊ တမော တမတို့မျိုးက ကြမ်းတန်းခက်ထန် အမျက်မာန်ပွား လမ်း မှားကို အမြဲလိုက်စားတယ်၊

အကြိမ် ]

သာသနာရေးဦးစီး
စာကြည့်တိုက်
ရန်ကုန်

ဒါကြောင့် လောဘ, ဒေါသ, မောဟ, မာန ဒိဋ္ဌိ-အဲဒီ ရန်သူ ငါးမျိုးကို အဟုတ်မှတ်ပြီးတော့ အားမကိုးမိကြစေနဲ့ တပည့်များ။

အားလုံးသောတပည့်များအိမ်ကို မီးလောင်တာကို သိတတ်သလို တပည့်များရဲ့ ဘဝကြီးကိုလောင်နေတဲ့ မီးကိုလဲ သိထားကြဘို့ အလွန်အရေးကြီးသကွယ်၊ ဟောဒီအောက်က စာကလေးကို ရအောင် မှတ်ပြီးတော့ ရွတ်ဘတ် သရဇ္ဈာယ်ကြစမ်းပါလားကွယ်။

လောဘရှိန်မီး .... ထိန်ညီးတောက်လောင်၊
ဒေါသရှိန်မီး .... ထိန်ညီးတောက်လောင်၊
မောဟရှိန်မီး .... ထိန်ညီးတောက်လောင်၊
မာနရှိန်မီး .... ထိန်ညီးတောက်လောင်၊
ဒိဋ္ဌိရှိန်မီး .... ပိတ်ဆီးကာလျှောင်၊
တိုင်းပြည်ကြီး .... ပျက်စီးဘက်တက်ပြောင်။

စာကိုကျက်ပြီး ရုပ်နဲ့လဲ တိုင်းပြည်ကြီးနှင့် တကွ အမျိုး ဘာသာ သာသနာ ပညာဆိုတဲ့ တရားကြီးတွေဟာ ကောင်းစား မလာသေးဘူး ကွဲ့နော်၊ စာကို ရတဲ့ အတိုင်း စာ၏ သဘော အဓိပ္ပါယ်ကိုသိခါ သိသလိုဆောင်ခြင်လိုက်နာမှသာ လိုရာဆန္ဒ ဟူသမျှတို့ လုံးဝပြီးမြောက် ခရီးရောက်နိုင်တယ်၊ "ခွေးမြီးကောက် ကျည်တောက်စွပ်" ဆိုတဲ့ စကားလို စာ ဘတ်ကြည့်တုန်းကိုသာ အဓိပ္ပါယ် သိလိုက်ပြီး စာအုပ်လဲ ချထား လိုက်ရော တခုမှ လိုက်နာခြင်း မရှိ ထင်မိထင်ရာ

[ပဌမ

တော်သလို ရော်သလို နေအုံးမှာဘဲဆိုရင်တော့ အပါယ်လေးပါးစာဖြစ် သံသရာထဲမှာ နစ်အုံးမှာဘဲ၊ လူကို အိမ်ကို မြို့ရွာ တိုင်းပြည်ကို မီးလောင်တာဟာ ပြန်ငြိမ်း ရင်းစား ထူလို့ ရသေးတယ်နော်၊ ခုတင်ကပြောခဲ့တဲ့ လောဘ,ဒေါသ, မောဟ, မာန, ဒိဋ္ဌိ-ဆိုတဲ့ မီးအလောင်ခံရ မှုဖြင့် ရင်းစား ပြန်ထူထောင်ဘို့ များစွာ ခဲယဉ်းလိမ့်မည်၊ မီးလောင်ခံရလို့ နလံမထနိုင်ပုံကို ယုံကြည်လောက်အောင် သက်သေဆောင် ပြရမယ်ဆိုတာဖြင့် ဟောဒီလို မှတ်ထားကြစို့။

ဘုရားမဖြစ်ခင် ဗို့အလောင်းတော်နှစည်အခါက ဗာရာဏသီခေါ် တိုင်းပြည်တော်မှာ ဗြဟ္မဒတ်မင်းတဲ့၊ ဒီအခါ ဘုရားအလောင်းက ဘာဖြစ်သလဲဆိုတော့ မင်းဆရာပုရောဟိတ်ပုဏ္ဏား ဖြစ်ရှာသတဲ့၊ မင်းကြီးနှင့်တကွ တိုင်းသူ ပြည်သားလူအများတို့၏ လေးစားကော်ရော် ပူဇော်ခြင်းကို ခံရတဲ့ မင်းဆရာကြီးပေါ့လေ၊ လူအများတို့ လေးစား ပူဇော်ထိုက်တဲ့ ဂုဏ်ကို ခံရတယ် ဆိုတာဟာ ကိုယ်ကကို ဂုဏ်ရှိအောင် ပြောဆိုနေထိုင် ကျင့်ကြံတတ်မှ လူအများက ရိုသေ လေးစား အရေးထားခြင်းကိုခံရတယ်၊အခုဗို့ခေတ်မှာလဲ အရှိကြသားဘဲ ဂုဏ်ကြက်သရေရှိ လူကြီးလူကောင်း တွေတဲ့ကွယ် လူတိုင်း မကြည်ညိုကြ လှဘူးကွယ်၊ ရွှေတွင် ကြည်ညိုချင်ယောင် ဆောင်ပေမဲ့ မျက်နှာကွယ်တာနဲ့ တခါထဲ ပြောင်လှောင် မေးငေါ့ခြင်းကို ပြုကြတာဘဲ၊ အဲဒီလို ရွှေတွင်တော့ ကြည်ညို ချင်ယောင် ကြောက်ရွံ့ရိုသေချင်ယောင် ဆောင်ပြီး အကြိမ် ]

ကွယ်ရာမှာ အမဲ့အရွဲ့ အပြောင် အလှောင် ခံရတာဟာ အများကြီးရှက်စရာကောင်းတာပေါ့၊ ဒါဟာဘာ ဖြစ်လဲလို့ ဆိုရင် စင်စစ်ကတော့ မဂ္ဂင်, သီလ, သမာဓိ, ပညာ-ဆိုတဲ့ ဂုဏ်တွေမလုံလောက်မှုအတွက်ပေါ့၊ တချို့ ပစ္စည်းရှိရဲ့ သီလ သမာဓိ ပညာဂုဏ် မပြည့်စုံ၊ တချို့တော့ ပစ္စည်းနဲ့သီလရှိရဲ့ သမာဓိနဲ့ ပညာ မပြည့်စုံလို့ ပစ္စည်းနှင့် တကွ သီလ သမာဓိ ရှိပေမဲ့ ပညာနဲ့မပြည့်စုံလို့ အင်မတန် ညီညွတ်ခဲတယ်ကွယ်၊ ဒို့ဘုရားအလောင်းတော် ပုရောဟိတ်ကြီးကတော့ အကုန် လုံး ပြည့်စုံတယ်၊ အဲဒီ ထဲမှာ မည်သူမဆို မကြည်ညို မလေးစားဘဲမနေနိုင်တဲ့ မန္တန် ပညာတမျိုးကို တတ်ထား တော့ ဘယ် ပြောကောင်းတော့မလဲ၊ သောင်းသောင်းဖျဖျ အကုန်လုံး ကြည်ညိုလေးစား ကြရတာပေါ့။

သူတတ်တဲ့ မန္တန်ပညာက ဘာလဲဆိုရင် တပည့်များ ကြားဘူးကြပါလိမ့်မယ် (ပထဝီဇယမန္တန်) တဲ့ကွယ်၊ အင် မတန် သတ္တိရောက်တဲ့ ဂါထာတဲ့ကွဲ့၊ တစုံတရာ အရေးကိစ္စ ပေါ်လာရင် အရေး ကြီးလာ ခဲ့ရင် အဲဒီပထဝီဇယ ဆိုတဲ့ မန္တန်ကို ရွတ်ဘတ် လိုက်တာနဲ့ တပြိုင်နက် လိုအင် ဆန္ဒ ကြီသမျှတွေ လုံးပြီးမြောက်တာဘဲ၊ ဒါလဲ အရေးကြီတဲ့ အခါမျိုးမှသာ သုံးစွဲလေ့ရှိသဖြင့် မတော်တဆ မေ့လျော့ သွားမှာ စိုးရိမ်တဲ့သဘောနဲ့ လူမရောသော တောကြီးထဲ ကို သွားသွားပြီး ရွတ်ဘတ် သရဇ္ဈာယ်လေ့ ရှိတဲ့ အတိုင်း အချိန်အားလပ်ခွင့်ရတဲ့ နေ့တနေ့မှာ လူသူ အသွားအလာ နည်းပါးတဲ့ တောထဲကို သွားပြီး ကျောက်ဖျာကြီး တခုရဲ့

[ပဌမ

အပေါ်မှာ အံပြန် ရွတ်ဘတ်နေတဲ့ အခါ ကျောက်ဖျာ အောက် လှိုင်ခေါင်းမှာ ခိုအောင်း အိပ်နေတဲ့ မြွေခွေး တကောင်ကကြားသဖြင့် မှတ်သားပြီး နှုတ်ထောင်နေလိုက် တာ မကြာခင်ဘဲ မြွေခွေးက ဂါထာကိုရပါလေရော။

ဟာ် .... ဒီလိုဆိုရင် တောမှာ မွေးဖွားတဲ့ မြွေခွေးများ တောင် ကြားရုံနဲ့ ရသေးတာ ဘာခက်တဲ့ ဂါထာလဲလို့ အထင်မလွဲကြနဲ့ ရအောင်ကျက်မှတ်ဖို့ မလွယ်လှဘူး၊ ရပြန် တော့လဲမေ့မသွားအောင်ဆောင်ရွက်ထားဖို့မလွယ်လှဘူး၊ ဒါကြောင့် ဘုရားဟောခဲ့တဲ့စာတွေဟာ သို့မဟုတ် ဘုရား တရားနဲ့ ပတ်သက်တဲ့ စာတွေဟာ ပုထုဇဉ်နဲ့ မတဲ့လှဘူး တပည့်များ၊ တခြားမှာ ပွားကြီးတော့ သက်သေမရှာပါနဲ့ ကွယ် တပည့်များကိုယ်တိုင် ကျောင်းမှာနေတုန်းက သင် ကြား မှတ်သား လာကဲ့ စာတွေဟာ အိမ်ကိုပြန်ရောက်ပြီ ကျောင်းကထွက်လာလို့ ဘယ်နှစ်လ ကြာအောင် တပည့် များထံမှာ ရှိသေးသလဲ၊ တွေးကြည့်ကြစမ်းလေ ကျောင်းကို ပြန်သွားကုန်ကြီးမယ့်။ အဲဒီကောင်းကောင်း ရွတ်ဘတ်နေ တဲ့ (ပထဝီဇယမန္တန်) ဆိုတာ ကောဒါဘဲ ....

## ပထဝီဇယမန္တန်

ဥဒုံ-ဇေယျ ပထဝီ သမ္ဗုံ အနေက အန္တရာယ ဇေယျ ပဝတ္တကမုဒ္ဒါဝ ဇေယျသိရိ မဟိဒ္ဓိကော ဇေယျ ဟရေဟရိ ဒေဝါ ဇေယျ ဗြဟ္မာ ခတရင္ဟော၊ ဇေယျ နာဂေါ ဝိရုဠှော ဝိရူပက္ခော စ၊ စန္ဒိမာ ဝိဟိန္ဒော ဝိန္ဒကွေ ဇျော စ ကုဝေ ဇေ အကြိမ် ]

ဝရုဏာပိ စ၊ အဂ္ဂိဝါရုဏာ ပဇ္ဇုန္နော ကုမာရော စတုပါ
သကော၊ အဋ္ဌာရသ မဟာဒေဝါ သုခိတာ စ၊ မဟိဒ္ဓိယော



ပုရောဟိတ်ပုဏ္ဏားသည် ပထဝီဇယမန္တန်ကို ရွတ်ဆိုနေပုံ

[ပဥ္စမ

အသီတိ အဂ္ဂသာဝကာ သဗ္ဗေ ဇေယျံ ကရောန္တု မေ၊ ဇေယျ ဓမ္မော စ သံဃော စ ဒသဗလော စ ဇေယျကော၊ တေန သစ္စဝဇ္ဇေန ဇေယျော သုခီ ဘဝတု မေ၊ နရဒေဝါ စ ဗြဟ္မ ဏော ယက္ခနာဂါ စ ဂရုဠာ၊ တေသဗ္ဗေ ပိယံ မယှံ၊ ဗုဒ္ဓေါ မမေဝ သိဒ္ဓေဟံ၊ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ အရဟန္တာ အဂ္ဂ သာဝကာ သဗ္ဗေ ကရောန္တု မေ မေတ္တံ သဗ္ဗေ တိဋ္ဌန္တု မတ္ထ ကေ၊ တေသံ မေတ္တာနုဘာဝေန သဗ္ဗေ ရောဂါ ဝိနဿန္တု၊ သဗ္ဗေ ဘယာ ဝိနဿန္တု သဗ္ဗေ ဥပဒ္ဒဝါ ဝိနဿန္တု၊ ဣမသ္မိံ စက္ကဝါဠေ အနန္တပါကိနော၊ ဗဟူ ဣမေ သဗ္ဗသတ္တာ ဒုက္ခာ မုစ္စန္တု၊ ဒသကောဋိ ဥဒကာ စ နဝကောဋိ ထလဇာ စ၊ သံသေဒဇောပပါတိကာ ဒီဃာယုကာ ဘဝန္တု တေ၊ ဥဒ္ဒံ ယာဝ ဘဝဂ္ဂါ စ အဓောယာဝ အဝီစိတော၊ သမန္တာ စက္ကဝါ ဠေသု ယေ သတ္တာ၊ ပထဝီစရာ အပျာပဇ္ဇာ နိဝေရာ စ နိ ဒုက္ခာ စ နုပဒ္ဒဝါ၊ သဗ္ဗသတ္တာ အဝေရာ စ အညမညံ သုခံ ဘဝ၊ နိရိယာ တိရစ္ဆာနာ ပေတော အသုရကာ ယော ယမော၊ ဣမေ သဗ္ဗသတ္တာ အဝေရာ စ သဟ သဗ္ဗဟိ ဉာတိဘိ။

ဗြဟ္မမန္တံ သဇ္ဈာယတိ၊
ဗောဓိသတ္တောပိ ကောကံ၊
သီလာယံ ရက္ခမူလေဝ၊
သဝတိမေဝ သိင်္ဂါလော။

ဗောဓိသတ္တောပိ၊ မမှားမစောင်း အများ ကောင်းဘို့ အကြောင်းမြော်တတ် လောင်းတော်မြတ်ဖြစ်သော ပုဏ္ဏား အကြွင်]

သည်လည်း။ ရုက္ခမူလေဝ၊ ရန်မွေးကြိုင် သင်းပျံ့လှိုင်သည့် ဂနိုင်အတွင်း တခုသောသစ်ပင်ရင်း၌သားလျှင်။ သီလာယံ၊ နေစချင့်ဘွယ် လွန်တင့်တယ်သည့် စင်ကြယ် ပြောင်လက် ကျောက်ဖျာထက်၌။ ဓောကာံ၊ အပိမ္မခေါ် ထိုသရော်တွင် အခဖဘ်မမှီး တယောက်ထည်းသာ။ နိသီဒိတွာ၊ မြိုင်မဟာ ဝှေထိုင်ကာနေ၍။ ဗြဟ္မမန္တံ၊ တန်ခိုးအာဏာ ထူးမြတ်စွာ ကြောင့် အောင်ရာအမှန် ပထဝီဇယဆိုတဲ့ မန္တန်ကို။ သဇ္ဈာယတိ၊ အောင်ဇေယ ဟုအောင်စေမှုဖြင့် ဂရုပြုခါ ပြီးစီးပါ အောင် ကောင်းစွာမသွေ သရဇ္ဈာယ်၍ နေလေ၏။ သိင်္ဂါ လော၊ ကျောက်ဖျာအောက်စကျင်းပေါက်ဝ၌ နေထလေ ပြား မြွေဆွေးသားသည်။ သဝတိမေဝ၊ ကြားလေ သလျှင် ကတည်း။ သဝတိမေဝ၊ ပုဏ္ဏားမန္တန် ရွတ်ဘက်သံကို အမှန်သူကြား ဘဝပါရမီ ကုသိုလ်အားကြောင့် ထင်ရှား မသွေ တတ်မြောက်၍ သွားလေတော့သတည်း။

ရှစ်လုံးဘွဲ့

လောင်းကော်ပုဏ္ဏား ···· တောဖျား၌မှာ၊
မန္တန်ထူးမြတ် ···· ရွတ်ဘတ်လိုက်ခါ၊
ကျောက်ဖျာအောက်ဘေး···· မြေခွေးမိုက်ဟာ၊
အသံကြား ···· မှတ်သားစရိုက်ပါ။

အဲဒါကို တိုင်းသူပြည်သား ရဟန်းရှင်လူ တပည့်များ ကျက်မှတ်ထားလိုရင် ထားကြပေတော့ ကျေးဇူးအင်မတန် များတဲ့ သမ္ဗုဒ္ဓဘာသာ ဂါထာတော်ကြီးပေါ့၊ အခုတင်က

[ပဌမ

မြေခွေးရတယ်ဆိုတာလဲ လွယ်လွန်းလို့ရတာမဟုတ်၊ လွန်ခဲ့တဲ့သ၀ ပုဏ္ဏားမျိုးမှာဖြစ်စဉ်က ဒိဂါထာကို သူက ရခဲ့ဘူးတယ်။ အဲဒီခေတ်ခံက ရှိပြီးသားဖြစ်နေတော့ "အိပ်သောယောကျ်ား နိုးသော်လား" ဆို ဆိုတဲ့စကားအတိုင်း ကြားလိုက်သတဲ့ဆိုရင်ဘဲ မကြာလှဘူး ရလွယ်တာပေါ့၊ တပည့်များ ကိုးချင်းစာကြည့်ထေ ကျောင်းနေတုံးက သင်လာတဲ့ စာပေတွေဟာ အိမ်ရောက်လို့ မေ့သွားပေမဲ့ သူတပါး ရွတ်ဘတ်ပြောဆိုသံ ကြားဘော့ ဘွားကနဲ သတိ ရလာသလိုပေါ့ကွယ်။

အဲဒီလို (ပထဝီဇယမန္တန်)ကို မြေခွေးက ရတယ်ဆိုရင်ဘဲ ၀မ်းသာလိုက်တာ နားရွက်ကလေး တဆန့်ဆန့် အမြီးကလေး တနန့်နန့်နှင့်ပေါ့၊ တပည့်တို့ဇာတွေ ပျောက်သွားတဲ့ ရွှေငွေကျောက်သံ ပတ္တမြား၊ ပစ္စည်းများကို ပြန်ရတယ်ဆိုပြီး သံကျယ်ဟစ်ကျယ် ပြောကြသေးတယ် မှိထားကွယ်၊ မြေခွေးက ၀မ်းသာမှာပေါ့ ဒိဂါထာရဲ့ တန်ခိုးသတ္တိကို လွန်ခဲ့တဲ့သ၀က သိပြီးသား ဖြစ်နေတော့ ရွှေထုပ်ကြီးကို ကောက်ရရုံမက သိန်းထိကြီး ပေါက်ရသလို ၀မ်းမြောက်လွန်းမက ၀မ်းမြောက်ရုံမကသဲ ကဈာကရာ ကျောက်ဖျာအောက်က ထပြေးတဲ့ခါ ပုဏ္ဏားကြီးနဲ့ မနီးမဝေးရောက်၊ ခေါင်းကိုနောက်ပြန်လှည့်ပြီး ပုဏ္ဏားကြီးကို စိစိကြည့်တဲ့ခါ အို-အဆွေတော် ပုဏ္ဏားရဲ့တဲ့ မာန-ပေ့ာ-မာန မာန၊ အရှင်ပုဏ္ဏားကြီးမဟုတ် အဆွေတော်ပုဏ္ဏားကြီးတဲ့၊ လူလူချင်းကိုတော့ မပြောနဲ့တော့ ခွေးကတောင် ပညာချင်း အကြွမ်]

တူတယ်ထင်တော့ မာနဝင်လာပကောကွယ်၊ တပည့်များ ကြပ်ကြပ် သတိထားကြနော်၊ မာနတရားဟာ မိမိတို့ကို ပြည့်စုံ ကောင်းစားစေသလား၊ ဆုတ်ယုတ် ပျက်ပြားစေသလားဆိုတာ မျက်ဝါးထင်ထင် တွေ့မြင် ကြတော့မှာပေါ့ ကွယ်။

မင်းတို့ ယခုခေတ် ယောက်ျားကလေး မိန်းကလေးတွေ လူကြီးမိဘ ဆရာသမား တပည့်သားမြေးတွေ ဖြစ်နေပုံ စိတ်နေသဘောထားပုံတွေနဲ့ ဆင်တူ ရိုးမှားသာမက တထပ်ထဲ ကျနေပကောလေ တူလှချေရဲ့တပည့်တို့ တူလှချေရဲ့၊ဘယ်ထိ အောင် တူမယ်ဆိုတာ ကြည့်ကြပေတော့၊ အို-အသင် ပုဏ္ဏား ဒီဂါထာကို သင်တယောက်ထဲများ ရတယ်၊ ငါ ဟာ အာဂယောက်ျားဘဲလို့ လူတကာကို သွားပြီးတော့ မကြွားနေနဲ့အုံး၊ သင့်ယောက်တော့ ကျွန်ဝ်လဲ ရတာဘဲတဲ့၊ အောင်မယ်လေးဟဲ့ ခွေး,ခွေးဆိုမှခွေး၊ ကြွားတော့ သူက ကြွားတာ၊ ပါးစပ်ကဆိုတောင် ပြလိုက်သေးတယ်၊ ကိုင်း- လူကကြွားတာလား, ခွေးက ကြွားတာလား တပည့်များဘဲ စဉ်းစားကြပေတော့၊ ဩော်....ယောကကြီး, ယောကကြီး ပြောင်းပြန် ယောကကြီးပါကလားကွယ်၊ခွေးကအယောင်း တော် ပုဏ္ဏားကြီးကို သရော်သလို ပြောင်လှောင် သလို စကား ပြောကြားခါ ပြေးသွားတော့ အယောင်းတော် ပုဏ္ဏားကြီးမှာ အံ့အားသင့်ကာ တခါပြင့်ခက်တော့တာဘဲ၊ ခွေး လူပါးဝရင် ယောကကြီး ပျက်တော့မယ်ဆိုတာ သိလို့ အနားမှာရှိတဲ့ လှံတံကို ဆွဲကိုင်ကာ ခွေးကို ရိုက်ရအောင် လိုက်ပုံကလေးတဲ့ကွယ်။

[ပဥ္စမ

သဗ္ဗာယန္တောပိ ကောဝ၊
အရညေ ဇုဓသီလာယံ။
တေ မန္တံ အဟံ ဇာနာမိ၊
ကိံကရိဿသိ ဗြာဟ္မဏ။

ဗြာဟ္မဏ၊ ဇမ္ဗူဒိပ်တွင် လူထိပ်ပင်ဟု မှတ်ထင်နေငြား အိုပုဏ္ဏား။ အရညေ၊ လူသူမနီး တောမြိုင်ကြီး၌။ ဇုဓ သီလာယံ၊ မြူစင်ပြောင်လက် အရောင်ထွက်သည့် ကျောက်ဖျာထက်တွင်။ ကောဝ၊ အဖော်မမှီး တယောက်တည်းသာလျှင်။ သဗ္ဗာယန္တောပိ၊ ဩြောင်းသံ ဥုံသံ တည်ညံ့ဖြင့် ဖန်ဖန်ခါခါ ရွတ်ဆို၍ နေပါသော်လည်း။ အဟံ၊ မြေမှာပေါက်ဘွား ဖြစ်ပေငြားလည်း ညက်သွားမသေး ငါ မြေခွေးသည်။ တေ၊ တမင်ဂုဏ်ကြွား သင်ပုဏ္ဏား၏။ မန္တံ၊ တန်ခိုးအာဏာ ထူးမြတ်စွာကြောင့် အောင်ရာအမှန် ပထဝီဇယဆိုတဲ့ မန္တန်ကို။ ဇာနာမိ၊ အဆုံးအစ မကျန်ရအောင် မှချမသွေ သိရပေ၏။ ကိံကရိဿသိ၊ အဘယ်သို့ပင် ပြုချင်သေးသနည်း။ ကိံကရိဿသိ၊ သင်လိုပုဏ္ဏား တဂုဏ်ကြွားလည်း ငါ့အားခုတိုင် ဘယ်လိုများ ပြုလုပ်နိုင်ပါသေးသနည်း။

ရှစ်လုံးဘွဲ့

အသင်ပုဏ္ဏား .... ရွတ်ငြားဂါထာ၊
ငါလဲမှတ်မိ .... တတ်သိလာရှာ၊
သင်သာလျှင်တတ်- ထင်မှတ်ရှာကာ၊
မမှတ်နဲ့ .... တတ်ကဲ့ငါဆရာ။

အဲဒီလို ခွေးကို ရိုက်သတ်ဘို့ရာ လိုက်ပါသော်လဲ မမှီနိုင်တော့ဘဲ ခွေးလဲ တောထဲ ဝင်ပြေးပါလေရော။



ပုရောဟိတ်ပုဏ္ဏားသည်-မြေခွေးကို လိုက်ရိုက်နေပုံ

အလောင်းတော် ပုဏ္ဏားကြီးမှာလဲ ဇော်ချွေးတွေကျ တဆိတ်ကလေးမှ စိတ်မအေးလှဘဲ အင်း–တနေ့ကျရင် သတ္တဝါတွေ ဒုက္ခများအောင် ဒီခွေးဟာ ပထဝီဇယမန္တန်ကို ကေန် အလွဲသုံးစား လုပ်တော့မှာဘဲလို့ စိတ်ရှုပ်ပြီး ခေါင်းကိုသာ ကုပ်မိတော့သတဲ့ကွယ်တို့၊ခွေးဆိုတဲ့အကောင်မျိုးက နွားလိုမဟုတ်ဘူး၊ တော်တော် စိတ်ယုတ်မာရှိတယ်၊ စားစရာသောက်စရာ အပျော်အပါး လိုက်စားစရာရှိတဲ့နေရာမှာ နွားထက် သူတို့က အများကြီးသာတယ်၊ အနိုင်ကျင့်တဲ့နေရာနှင့်တကွပေါ့လေ၊ အစစအရာရာမှာ ဘလူ့မျက်နှာကိုမှ မငဲ့ညှာ အားနာခြင်းမရှိတာတွေကို တွေးမိတိုင်း တွေးမိတိုင်း ဩော်–ဒီခွေးဟာတော့ အင်မတန် ဝန်လေးတဲ့ကိစ္စကို တနေ့နေ့ ဒုက္ခပြုတော့မှာဘဲဆိုတဲ့စိတ်နဲ့ အိပ်လဲ ခွေးအကြောင်း တွေးမိ့နေထိုင်သွားလာ စားသောက်တဲ့နေရာတွေပေါ မကြာမကြာ တွေးမိတော့ မချိလှဘူးပေါ့လေ၊ ခွေးရသွားတဲ့ ပထဝီဇယမန္တန်ရဲ့ ပါဠိတော် အတွက်အနက်က သည်လိုတဲ့။

## ပထဝီဇယမန္တန် အနက်

ဥုံ၊ လိုရာကိစ္စ အဝဝတို့ မှချလျှင်ငွာ ပြီးစီးအောင်မြင်ပါစေသတည်း။ ပထဝီ-ပထဝိယာ၊ လောကတခွင် မြေအပြင်၌။ သဗ္ဗ-သဗ္ဗာနိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ အနေက အန္တရာယ-အနေက အန္တရာယာနိ၊ တပါးမက များလှ သွယ်သွယ် အန္တရာယ်အပေါင်း တို့ကို။ ဧဟျ-အကြွင်း]

ဇေယျတု၊ သုတ်သင်ရှင်းလင်း အောင်မြင်ခြင်းသို့ ရောက်စေ
သတည်း။

ဇေယျပစ္စေကဗုဒ္ဓါ စ၊ အောင်ပွဲသခင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်ရင်း။ ဇေယျသိရိမဟိဒ္ဓိကော၊ အောင်ကြက်သရေ အထွတ်ထွေနှင့် မသွေတင့်တယ် ကြီးကျယ်သော တန်ခိုးရှိပေသော။ ဇေယျဟာရောဟာရိဒေဝါ စ၊ အောင်ပွဲမှန်ကင်း ဟာရောဟာရိ နတ်မင်းကြီးသည်ရင်း။ ဇေယျဗြဟ္မာ စ၊ အောင်မင်္ဂလာ အောင်ပြင်စွာသည့် အောင်ဗြဟ္မာကြီးသည်ရင်း။ ဓတရဋ္ဌော စ၊ ဂန္ဓဗ္ဗနွယ်ရိုး နတ်အမျိုးတို့ကို အုပ်စိုးပိုင်နင်း ဓတရဋ္ဌနတ်မင်းကြီးသည်ရင်း။ ဇေယျနာဂေါ စ၊ အောင်မြေဿလင်း အောင်ပွဲခင်းသည့် နဂါးမင်းကြီးသည်ရင်း။ ဝိရူဠှော စ၊ ကုမ္ဘဏ်နွယ်ရိုး နတ်အမျိုးတို့ကို အုပ်စိုးပိုင်နင်း ဝိရူဠှကနတ်မင်းကြီးသည်ရင်း။ ဝိရူပက္ခော စ၊ နန္ဒောပနန္ဒ စသည့်ကျော်ဟိုး နဂါးမျိုးတို့ကို အုပ်စိုးပိုင်နင်း ဝိရူပက္ခနတ်မင်းကြီးသည်ရင်း။ စန္ဒိမာ စ၊ ယုဂန်တောင်ဖျား လှည့်လည်သွားသည့် လနတ်သားသည်ရင်း။ ဝိဟိန္ဒော စ၊ ဝိဟိန္ဒနတ်သားသည်ရင်း။ ဝိနတ္တေယျ စ၊ ဝိနတ္တေယျနတ်မင်းသည်ရင်း။ ကုဝေရော စ၊ အာဠဝက မည်နာမနှင့် စသည်ကျော်ဟိုး ဘီလူးမျိုးတို့ကို အုပ်စိုးပိုင်နင်း ကုဝေရ နတ်မင်းကြီးသည်ရင်း။ ဝရုဏဒေဝ စ၊ ဝရုဏနတ်မင်းသည်ရင်း။ အဂ္ဂိဝါရဏော စ၊ အဂ္ဂိဝါရဏ နတ်မင်းသည်ရင်း။ ပဇ္ဇုန္နော စ၊ မိုးနတ်သားသည်ရင်း။ ကုမာရော စတုပါလကော စ၊ လောကပါလ နတ်မင်းကြီးလေးပါး၏ သားတော် ဖြစ်ကြကုန်သော နတ်သားတို့သည်ရင်း။ အဋ္ဌာရသ မဟာဒေဝါ စ၊

[ပဉ္စမ

တကျိပ်ရှစ်ဦးသော နတ်စစ်သူကြီးတို့သည်ငင်း။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာ ရှိတော်မူကြကုန်သော။ မဟိဒ္ဓိယော၊ မြေလျှိုးမိုးပျံ တန်ခိုးဈာန်နှင့် အမှန်မုချ ပြည့်စုံတော်မူကြကုန်သော။ အသီတိ အဂ္ဂသာဝကာ စ၊ မဟာသာဝက ရှစ်ကျိပ်မျှနှင့် ဗုဒ္ဓဝံသာ ရံကာခစား အဂ္ဂသာဝက အရှင် နှစ်ပါးတို့သည်ငင်း။ သမ္ဗေ၊ ဆိုခဲ့သမျှ အဝဝသော ပစ္စေကဗုဒ္ဓါ ရဟန္တာနှင့် ဗြဟ္မာသိကြား နတ်အမျ ားတို့သည်။ မေ၊ အကျွန်ုပ်အား။ ဝေသုံ၊ လိုရာကိစ္စ အဝဝ၌ မုချမယွင်း ေအာင်မြင်ခြင်းကို၊ ကရုဏာ၊ မေတ္တာရှေး၍ ပြုတော်မူကြစေကုန်သတည်း။

ဝေယျမမ္ဗာစ၊ အောင်ခြင်းစကြာ တရားရတနာသည်ငင်း။ သံဃောစ၊ တရားစကြာ မြတ်နိုးစွာသည့် သံဃာလော်ရဟနာသည်ငင်း။ ဒသဗလော စ၊ အားတော် ဆယ်တန် ပြည့်ဖြိုးလျှံသည့် ဉာဏ်တော်အရှင် ဘုရားသခင်သည်ငင်း။ ဝေယျကော၊ မဟာမြကြိ. သွက်သွက်ဟိးအောင် အသီးသီး ပင် အောင်ပွဲရှင်တွေ ဖြစ်တော်မူပါပေ၏။

ဓေတနသဗ္ဗဝင္ဒေန၊ ဤသို့နတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့်။ မေ အကျွန်ုပ်အား။ ဝေယျ၊ လိုရာမယွင်း အောင်မြင် ခြင်းသည်ငင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်ငင်း။ ဘဝတု၊ ဖြစ်စေသတည်း။ ရတနဒေဝါ၊ ဇမ္ဗူတလွှား လူနတ်အများတို့သည်ငင်း။ ဗြဟ္မကောစ၊ နဂ္ဂတ်ခေဗဒင် တတ်သိမြင်သည့် လူတွင်ထင်ရှား ပုဏ္ဏားများသည်ငင်း။ ယက္ခာ နာဂေ စ အကြိမ်]

ဂရုဠော၊ ဘီလူး နဂါး ဂဠုန်များတို့သည်ဧရင်း။ သဗ္ဗေ၊ ထိုလူ နတ်အများ ဘီလူးသားနှင့် နဂါးဂဠုန် အလုံးစုံသော ပုဂ္ဂိုလ်သတ္တဝါတို့သည်။ မယုံ၊ အကျွန်ုပ်အား။ ဝိယံ၊ ချစ်ခင် နှစ်သက် စုံမက်မြတ်နိုး ခြင်းကို။ ကရောန္တု၊ ပြုတော်မူကြ စေကုန်သတည်း။

ဗုဒ္ဓါ၊ ဘုရားရှင်သည်။ မမေဝ၊ အကျွန်ုပ်အားသာလျှင်။ သိနေ့ဟာ၊ ချစ်ခင်မြှောက်စား ကြင်နာသနားခြင်းကို။ ကရော တု၊ ပြုတော်မူစေသတည်း။ ဗုဒ္ဓါစ၊ ဘုရားရှင်တို့သည်ဧရင်း။ ပစ္စေကဗုဒ္ဓါစ၊ပစ္စေကဗုဒ္ဓါအရှင်တို့သည်ဧရင်း။ အရဟန္တာစ၊ ရဟန္တာသခင် အရှင်မြတ်တို့သည်ဧရင်း။ အဂ္ဂသာဝကာစ၊ အဂ္ဂသာဝကသခင် ထေရ်အရှင်တို့သည်ဧရင်း။ သဗ္ဗေ၊ အလုံး စုံများပြား ဘုရားပစ္စေက အဂ္ဂသာဝကသခင် ရဟန္တာ အရှင်မြတ်တို့သည်။ မေ၊ အကျွန်ုပ်အား။ မေတ္တံ၊ ချစ်ခြင်း ခင်ခြင်း ကြင်နာခြင်းကို။ ကရောန္တု၊ ပြုတော်မူကြ စေကုန် သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့သည်။ မေ၊ အကျွန်ုပ်၏။ ပတ္တမော၊ ဦးခေါင်းထက်၌၊ တိဋ္ဌန္တု၊ အမြဲမသွေ တည်နေတော်မူကြ စေကုန်သတည်း။ ဧဟသံ၊ ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ သခင် အရှင်မြတ်တို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာတော် ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ သဗ္ဗရော ဂါ၊ ၉၆-ပြာ ရောဂါဟူသမျှ အဝဝတို့သည်။ ဝိနဿန္တု၊ ပိန်းကြာဘက်တွင် ရေမဘင်သကဲ့သို့ ကင်းစင်လွင့်ကာ ပျောက်ပျက်ကြပါစေကုန်သတည်း။ သဗ္ဗဘယာ၊ ၂၅-ပါး များပြားပေလှ ဘေးဟူသမျှတို့သည်။ ဝိနဿန္တု၊ ပျောက်

ပျက်ပါစေကုန်သတည်း။ သဗ္ဗေဥပ္ပဒ္ဒဝါ၊ ၁၆-ပါး များပြား လွန်ပေါ ဥပ္ပဒ္ဒဝေါတို့သည်။ ဝိနာသန္တု၊ ပျောက်ပျက် ပါ စေကုန်သတည်း။

ဣမသ္မိံ စက္ကဝါဠေ၊ ဤစကြဝဠာ၌၊ အနန္တပါဏိနော၊ အဆုံးမဝင် များပြင်လှစွာ သတ္တဝါတို့သည်။ ဗဟူ၊ ရေတွက် မရအောင် များပြားလှပေကုန်၏၊ သဗ္ဗေ၊ ရေတွက်မကုန် အလုံးစုံ ကုန်သော၊ ဣမေသတ္တာ၊ ဤသတ္တဝါ တို့သည်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ၊ မုစ္စန္တု၊ ကင်းလွတ်ကြပါစေကုန် သတည်း။ နဝကောဋိ ထလဇာစ၊ ကုန်းမှာတည်နေ ကိုး ကုဋေသော သတ္တဝါ တို့သည်၎င်း။ ဒသကောဋိ ဥဒကာစ၊ ရေမှာတည်နေ ဆယ်ကုဋေသော သတ္တဝါတို့သည်၎င်း။ သံသေဒဇောပပါတိကာစ၊ သံသေဒဇ ဥပပါတ် ဖြစ်ကြကုန် သော သတ္တဝါတို့သည်၎င်း။ တေ၊ ထိုသတ္တဝါ အပေါင်း တို့သည်။ ဒီဃာယုကာ၊ ရှည်သောအသက်ရှိကြကုန်သည်၊ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဥဒ္ဓံ၊ အထက်၌၊ ယာဝဘဝဂ္ဂါစ၊ ဘဝဂ်တိုင်အောင် ၎င်း။ အဓော၊ အောက်၌၊ ယာဝအဝီစိတောစ၊ အဝီစိငရဲ ကြီးတိုင်အောင်၎င်း။ သမန္တာ၊ ထက်ဝန်းကျင်၊ ဒိသာ၊ ရပ် မျက်နှာမှ။ စက္ကဝါဠေသု၊ စကြဝဠာတိုက်တို့၌၊ ပထဝီစရာ၊ မြေပြင်ထက်မှာ ကျက်စားကာ နေထိုင်ကြကုန်သော။ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ သန္တိ၊ ရှိကြပေကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အဗျာပဇ္ဇာ စ၊ ဒိုးဒိုင် သောဘေးမရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေ

အကြိမ်]

ကုန်သဘည်း။ နိဝေရာစ၊ ရန်မရှိကြ ကုန်သည်လည်း။ ဟောန္တု၊ တည်း။ နိဒုက္ခာ စ၊ ဆင်းရဲဒုက္ခ မရှိကြကုန်သည်လည်း။ ဟောန္တု၊ တည်း။ နုပဒ္ဒဝါ စ၊ ဥပဒ္ဒဝေါ မရှိကြ ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗေသတ္တာ၊ ခပ်သိမ်းများစွာ သတ္တဝါတို့သည်။ အဝေရာ စ၊ ရန်မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အညမညံ၊ အချင်းချင်း။ သုခံ၊ ကိုယ်စိတ်နှစ်တန် ဆက်ဆံပေါင်းသင်း ချမ်းသာခြင်းသည်။ ဘဝ ဘဝတု၊ ဖြစ်စေသဘည်း။

နိရိယာစ၊ ငရဲသူ သတ္တဝါတို့သည်ရင်း။ တိရစ္ဆာနေသာစ၊ တိရစ္ဆာန် သတ္တဝါတို့သည့်ရင်း။ ပေတောစ၊ ပြိတ္တာဘုံသား သတ္တဝါများသည့်ရင်း။ အသုရကာယောစ၊ အသူရကာယ် သတ္တဝါ အပေါင်းသည်ရင်း။ ယမေပာစ၊ ယမမင်းသည်ရင်း၊ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေသတ္တာ၊ ဤသတ္တဝါတို့ သည်။ သမ္ပတ္တိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ ဆွေမျိုး အပေါင်းတို့နှင့်။ သဟ၊ အတူတကွ၊ အဝေရာစ၊ ရန်မရှိကြ ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သကည်း။

အမှာစကား

ပထဝီဇယမဏ္ဍန် ပါဠိနှင့်တကွ အနက်ပါထည့်၍ ပေး လိုက်ခြင်းသည် အထူးဝါသနာပါကြသော လူရှင်အပေါင်း တို့ နှစ်ထောင်းဝမ်းသာ ကျက်မှတ်လိုက ကျက်မှတ် ကြပါ စေဆိုတဲ့ စေတနာနှင့် ထည့်သွင်း ပေးလိုက်ခြင်းပေ.... ခွေးဘယ်ရောက်သွားပြီလဲ။

သူ့နေရာဌာနဖြစ်တဲ့ တောထဲကို ပြန်ရောက်ပါလေရော ရလာတဲ့ ဂါထာတော်ရဲ့ သတ္တိကို သိရအောင် တောင်ပို့ တခုပေါ်တက်၍ ထိုင်တဲ့ခါ ဂါထာကို ရွတ်ဘတ် ပါလေရော အဲဒီလို ပထဝီဇယ ဂါထာ ရွတ်လိုက်သည်နှင့် တပြိုင်နက် တောတောင်အတွင်းရှိတဲ့ ကျား ဆင် ခြင်္သေ့ ဟူသမျှ မကျန် အတန်တန်သော တောသားသတ္တဝါတွေ မှန်သမျှ ဂါထာရှင် မြေခွေးကို ဝန်းရံ ခစားကြရသတဲ့။

ဝမ္မိဥဒ္ဒံ အာရုဟိတွာ၊
မန္တံ သဇ္ဈာယိ သိင်္ဂါလော၊
တဒါ သတ္တာ ပဝါရေန္တိ၊
စတုဒိသာဟိ အာဂတာ၊

သိင်္ဂါလော၊ ပုဏ္ဏားထံမှ မန္တန်ရ၍ တက်ကြွပလွား မြေခွေးသားသည်။ ယဒါ၊အကြင်ကာလ ခါသမယ၌။ ဝမ္မိဥဒ္ဒံ၊ မြင့်မောက်စွာငြား တောင်ပို့ဖျားသို့။ အာရုဟိတွာ၊ ဘုရင်လုပ်ရန် စိတ်အကြံနှင့် လျင်မြန်သွက်ထက် ခုန်ခါတက်၍။ မန္တံ၊ ပထဝီဇယ အမည်ရတဲ့ တေဇပြင်းထန် မြတ်မန္တန်ကို။ သဇ္ဈာယိ၊ ပုဏ္ဏားပမာ ဉံထားကာဖြင့် ကောင်းစွာ မသွေ ရွတ်ဘတ်သရဇ္ဈာယ်လေ၏။ တဒါ၊ ထိုအခါကာလ သမယ၌။ စတုဒိသာဟိ၊ ရွှေနှောက်ဝဲယာ အရပ်လေးမျက်နှာတို့မှ။ အာဂတာ၊ မန္တန်တန်ခိုး မြေပြင်ကျိုးမျှ ဝပ်လျှိုးတုပ်ကွ၊ သူ့ထက်ငါ ရောက်လာ ကြကုန်သော။ သတ္တာ၊ ခြင်္သေ့ သစ်ကျား ဆင်မြင်းများနှင့် တောသားဖုံဖုံ အလုံးစုံသော သတ္တဝါတို့သည်။ ပဝါရေန္တိ၊ အသင်မြေခွေး ဘယ်အရေးအကြံ]

ဟု စဝေးညီညာ မေးမြန်းခါဖြင့် ကောင်းစွာရှိသေ ခြီရံ၍ နေကြ လေကုန်သတည်း။



(မြေခွေးသည် မန္တန်ကိုရွတ်ဘတ်ရာ တိရိစ္ဆာန်အများ ခစားနေပုံ)

ရှစ်လုံးဘွဲ့

တောင်ပို့ဖျားသို့ .... တက်ငြားပြီးခါ၊
မြေခွေးငါကွ .... လာကြမ်းပါ၊
မန္တန်မန္တရား .... ကြိုးဝါးသီးစွာ၊
သားအပေါင်း .. ခညောင်းအနီးလာ။

## ခွေးဘဝင်မြင့်ပြီ

ခွေးဘဝင်မြင့်ဘဲ ဘယ်မှာ ခံနိုင်တော့မလဲ၊ သူက ဘယ်တုန်းကမှ မော်မကြည့်ဝံ့ ခနားဘုံမကပ်ဝံ့တဲ့ ကျားနှင့် သစ်ဆင် ဝက်ဝံခြင်္သေ့ ကျွဲနွားအစရှိတဲ့ တောသား သတ္တဝါ အထက်တန်းကျတဲ့ ဟာကြီးတွေက သူ့မျက်နှာကို မော် မကြည့်ဝံ့ဘဲ ပြားပြားဝပ်ခါ ကြောက်လန့်ရိုသေစွာ ပုဆစ် ဒူးတုပ်ကြီး ခစားနေတာကျ ရှေ့တွင် တွေ့မြင်နေရတော့ ငါမှငါဆိုတဲ့ မာနဓာတ်က ခွေးရဲ့ သန္တာန်မှာ အကြီး အကျယ်ဘဲ ကပ်လာတော့တာပေါ့၊ ကိုင်း-စဉ်းစားသာ ကြည့်ကြပေတော့၊ သို့ရာတွင် သတ္တဝါတိုင်း ဒီလို ဘဝင်မြင့် သလားဆိုတော့ မဟုတ်သေးဘူး၊ အမျိုးအရိုး မှန်သော ပုဂ္ဂိုလ်အများနဲ့ သူတော်ကောင်းတို့နဲ့တရား လိုက်စားလို့ တရားပွေ့ခါ တရားနဲ့ မွေ့လျော်နေသော ပုဂ္ဂိုလ်များကျ တော့ အင်မတန် နှုံးညံ့ပြော့ပျောင်းတယ်၊ သူတပါးကို နှိပ်စက်ညှဉ်းဆဲ နှင်ဘဲကဆာ မာန်မာနတွေ မရှိတော့ဘူး၊ တိရိစ္ဆာန်မျိုးပင် ဖြစ်သတ်ငြားသော်လဲ၊ ဘူရိဒတ်တို့ စမွေယျတို့စတဲ့ သတ္တဝါတွေဟာ အင်မတန်မှ သည်းခံကြတယ်၊ အကြံမ]

သူတို့ကတော့ ဘုရားရဲ့ အထောင်းတွေကိုလို့ ပြောကြအုံး မှာပေါ့လေ၊ အေး-ဒါကြောင့် ခုတင်က ဆရာပြောလိုက်တဲ့ စကားထဲမှာ မျိုးရိုးမှန်သော ဆိုတဲ့စကား ပါအသွားသား ဘဲ၊ ဟိုတုန်းက သည်ခွေးမျိုးဟာ အမြိုးတနန့်နန့် ခေါင်း တငေါက်ငေါက်နဲ့ နွားနောက်ကလိုက်ရတဲ့ အကောင်၊အခု ပထဝိဇယမန္တန်ရဲ့ တန်ခိုးကြောင့် နွားသာမက တောသုံး ထောင်မှာရှိတဲ့ သတ္တဝါတွေမှန်သမျှ သူ့ကို မော်မကြည့်ဝံ့ အောင် ကြောက်ကြသတဲ့ဆိုတော့ ခွေးဟာ ခေါင်းမော့ချင် သလောက် မော့နိုင်ပေသပေါ့။

ဒီလိုနဲ့ဘဲ တောသုံးထောင် အတွင်းမှာရှိတဲ့ သတ္တဝါ အားလုံး ခွေးကိုမြှောက်စား မင်းအဖြစ်တင်ထားလို့ သူပြော တဲ့စကား အတိုင်း ပိုက်နာ ဆောင်ရွက်ကြရသပေါ့၊ သူနဲ့ သွေးစပ်များ မှူးတွေဟူသမျှ ဝန်ကြီး စဟိုင်းကြီး မှူးကြီး မတ်ကြီးစတဲ့ မှူးကြီးကြီးဟူသမျှ ခွေးတွေချည်းများတော့ တာဘဲ၊ အဝေးဝေးနဲ့ တန်ခိုးသတ္တိရှိတဲ့ ပြဒေ့် သစ်ကျား အစားစားမှူး ပိုဟော့ မယ်တယ်ဝါလား၊ ဂျာဒူးဝါလား နေရာဆောက်ပါသထား၊ တခါထဲကို ပြောင်းပြန်ကြီး ဖြစ်သွားတော့ကတာဘဲတဲ့ကွယ်၊ ဟိုတုန်းကများ ကျားနံ့နံ့လို့ ရှိ ကျားချီးတွေ့ရင် ခွေးနေရာက ရွှေ့မရနိုင်ဘဲ ဖင်သီနေ သလို၊ အခု ခွေးနံ့နံ့လို့ ခွေးချီးတွေ့ရင် ကျားတွေဟာ နေရာ ကရွှေ့မရဘဲ ဖင်သီနေကြသတဲ့ကွယ်၊ ဩော်-လောက···· လောက၊ အင်း—ဒါကြောင့် ရှေးပညာရှိကြီးများက နောက် သားနောင်လာတွေ ဥာဏ်စကင်းခွဲနိုင်အောင်လို့ မှန်ကင်း တလှဲ့ ထင်းတလှဲ့ဆိုတဲ့ စကားကို သုံးထားခဲ့ပေတာဘဲ၊ အခု

[ပဌမ

ဖြစ်ပျက်လာတဲ့ ခွေးရဲ့ဇာတ်ထုပ်ကြီးက ဟုတ်တယ်ဆိုတာ သက်သေပြပြီကွယ်၊ ဒါကြောင့်မို့လဲ အဲဒီ ဝတ္ထုကြောင်း ဆုတ်ထွက် ဘုရားရှင်နှုတ်တော်မြွက်ပြီး ဆုံးမချက်ပေးတော် မူခဲ့တာက—

ခွေးကျင့်ခွေးကြံ မကြံကြံနဲ့တဲ့

သိင်္ဂါလော မာနထဒ္ဓေါစ၊
ပရိဝါရေန အတ္ထိကော၊
ပါပုဏိမဟတိံ ဘူမိံ၊
ရာဇာတိသဗ္ဗဒါဋ္ဌိနံ-တဲ့ကွယ်။

အနက်။ ။ဘိက္ခဝေ၊ ရှေးနောက်အစဉ် ဖြစ်ပျက်အင်ကို တွင်ကွင်ကြည့်လတ် တပည့်မြတ်တို့၊ တွင်တွင်ကြည့်ကြွား တပည့်များတို့၊ ယော သိင်္ဂါလော၊ အမျိုးမမှန် ကိုးမတန် လဲ စိုးစံသေသေး အကြင်မြေခွေးသည်၊ သဗ္ဗဒါဋ္ဌိနံ၊အလုံးစုံ အစွယ်ရှိသော သတ္တဝါတို့၏၊သဗ္ဗဒါဋ္ဌိနံ၊ ကောသုံးထောင် ဝယ် ကြီးအကျယ်ဖြင့် အစွယ်ရှိကြွား သတ္တဝါ အများတို့၏။ ရာဇာ၊ မဲဆန္ဒပေး လူကျွေရွေးသလို ခွေးစင်စစ် မင်းပင် ဖြစ်၍၊ မဟတိံ ဘူမိံ၊ ကြီးမြတ်သောစည်းစိမ်ကို၊ မဟတိံ ဘူမိံ၊စည်းစိမ်ခွေ့ရဲ့ အတန်တန်ဖြင့် အမှန်ထိန်သိုး စည်းစိမ် ကြီးကို၊ လင်္ဂေါ၊ ထင်ရှားမှချ သုပင်ရသည်။ အသိ၊ ဖြစ်၏။ အသိ၊ ရှေးကယုံအပ် ပထဝီဇယဆိုတဲ့ မန္တန်မြတ်ကြောင့် ဆတ်ဆတ်မသွေ သူဖြစ်ထေ၏။ သော သိင်္ဂါလော၊ ထို ခွေးသည်၊သော သိင်္ဂါလော၊ ကုသိုလ်ကောင်းပုံ အကြောင်း

အကြွင်]

ဆုံ၍ မင်းတုံဖြစ်သေး ထိုမြေခွေးသည်။ မာနထဒ္ဓေါစ၊ခက်ထန်စွာပငါလကွဟု၊ အာကာယူသီး မာနကြီးသည် ဖြစ်၍လည်း။ ပရိဝါရေန၊ ရပြီးသော အခြံအရံထက် ပို၍လိုချင်သော အခြံအရံဖြင့်။ ပရိဝါရေန၊ တိရိစ္ဆာန် အခြံအရံတွေသာမက လူတွေပါ သူ့အခြံအရံ ဖြစ်စေရမည်ဟု ဆထက်တံပိုးတိုး၍ လိုချင်သော ပရိသတ်အခြံအရံဖြင့်။ အတ္ထိကော၊ အလိုရှိသည် ဖြစ်၍။ အတ္ထိကော၊ သင့်မသင့် တန်မတန်ဟန်မဟန် လူလိုမသိနိုင်တဲ့ အဖန်ဖန်သူ အလိုရှိသည်ဖြစ်၍။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပုဏိ၊ ရောက်လေ၏။ ပါပုဏိ၊ ခွေးကျင့်ခွေးကြံ ရေးမဟန်သဖြင့် ရှေးကံ ကင်းပျောက်အားလုံးပင် သေနယ်ရောက်၍ အမဲခြောက်တွေ ဖြစ်ရလေတော့သတည်း။ သာဓု-၃

ရှစ်လုံးဘွဲ့ကဗျာ

ခွေးပင်စင်စစ် .... မင်းဖြစ်သော်တာ၊
ငါမှငါကွ .... မာနပေါ်လာ၊
စည်းစိမ်လွန်ကဲ.... အမြဲလော်မာ၊
ခွေးသေမှု .... ဖွေရှုမြော်စရာ။

မာနကြီးတဲ့ခွေး ဘဝင်မြင့်တဲ့ခွေးတော့ ခွေးရယ်လူရယ် မဟုတ်တော့ပါဘူးလေ မာနတရားဝင်လာရင် ပျက်စီးဘို့ကို ဘဲပြင်ကြပါတော့၊ ကြည့်ကြပေ့ ခွေးဟာ ဘယ်ထိအောင် ဘဝင်မြင့်ကာ သွေးနုထင် ငယ်ထိပ်ကိုရောက်သွားသလဲဆိုတာ ခွေးမ ချောချောကလေးတွေ မှန်သမျှ ထုံးစံ အတိုင်း

[ပဌမ

ပေါ့လေ၊ ရာထူး အာဏာ တန်ခိုး ကလေးမှ ရှိလာရင် ဒီ အကျင့်မျိုးက ခွေးများတောင် တယ်ပြီး အမြီး နှံ့သကိုကွဲ၊ နို့သော်လည်း ဒီခွေးကိုတော့ သည်နေရာမှာ ဆရာက ချီး မွမ်းချင်တယ်၊ ဘာပြုလို့လဲဆိုတော့ သူ၏ကြင်ရာ မြောက် သား မိဖုရားတွေက ခွေးမတွေချည်း ဘဲတဲ့၊ သည့်ပြင် သမင် ဒရယ် ဂျီငယ် စိုင်ဆတ် ဆိတ် အစရှိသော အမျိုးကွဲ တွေကို အဘက်မတန်လို့ မဆက်ဆံ၊ သူ့အမျိုးမဟုတ်တဲ့ အတွက် ဆက်ဆံပေါင်းသင်းခြင်း အမှု မပြုဘူးတဲ့၊ ခွေးမ တွေကလဲ အတူတူဘဲ၊ သူတို့ခွေးမျိုးကလွဲတဲ့ ဆိတ် ဒရယ် ဆတ်တသွယ် ဂျီငယ် သမင် ဝက် ကျား စတဲ့ အဖိုကောင် တွေနဲ့ ဟို-ချောင်မှာ ကမျင်းလိုက် ဒီချောင်မှာ ကမျင်း လိုက်နဲ့ အဖျင်းစရိုက် ယုတ်မာမှုတွေကို မပြုဘဲ ရှောင်ကြ သတဲ့၊ အဲဒါကြောင့် ဆရာက အဲဒီလို အမျိုးစောင့်တာကို များစွာ ချီးကျူး မိတယ်၊ ခွေးဆိုတဲ့ တိရစ္ဆာန် ကတောင် ကိုယ့်အမျိုး သူ့အမျိုး ဆိုတာ သိပြီး စည်းကမ်း ရှိကြသေး ၏။

ကမ္ဘာလောကကြီးရှိ လူအမျိုးမျိုးတို့တွင် ဒို့ဗုဒ္ဓဘာသာ လူမျိုးမတွေ ဘယ်ထိအောင်စည်းကမ်းပျက်တယ်ဆိုတာ လူ လိုသိတတ်ရင်တော့ရှက်ကြမှာပေါ့လေ၊တိုင်းပြည်မှာ စည်း ကမ်းမရှိ ထင်မိထင်ရာ လိုက်စားလို့ မိုက်မှားကြတဲ့ တပည့် မတွေအတွက် ဆရာဖြင့် မျက်ရည်များ ထည့်မိ ပါတယ်။ တကယ်ဆိုတော့ လူတွေမှာ ခွေး ဝက် ကြက် ငှက် ကျွဲ နွား စတဲ့ သတ္တဝါတွေ အပေါ်က ဇော်ဆိုတဲ့ ပဌမတန်းမှာ ရောက်နေတာဘဲ၊ ဒါလောက်ဖြင့် သိတန်ကောင်းပါရဲ့လို့

အောက်မေ့မိတယ်၊ ခုတော့မဟုတ် အထင်တခြား အမြင် တခြား ဖြစ်ကုန်ကြပေတော့ကွယ်။

အပါယ်ဘုံသားဖြစ်တဲ့ အောက်တန်းစားတွေကို တပည့် များရဲ့ မျက်စိအမြင်နဲ့ ကြည့်ကြစမ်းပါ၊ မျိုးမတူရင် ကြက် ကလဲ ဘဲနဲ့ အိမ်ထောင် မပြုဘူး နော်၊ အကုန်လုံး သော သတ္တဝါတွေ မျိုးကိုစောင့်သော်ရသေးတယ်။

## ခွေးမင်း သွေးကြီးမွေးကြီး လုပ်ပုံ

အစွယ်ရှိသော သတ္တဝါ ကြီးကြီးငယ်ငယ် အသွယ်သွယ် တွေကို အုပ်ချုပ်၍ မင်းလုပ်ခါနေရလေသောကြောင့် သူ၏ ဂုဏ်ထူးအမည်ထူးက သဗ္ဗဒါဠ်ခွေးမင်းလို့ တောသုံးတောင် အတွင်းမှာ ကျော်ညာသတင်းလှိုင်တော့တာပေါ့၊ ဒို့ဗမာလို ခေါ်ရင်တော့ သူရကျော်ထင် စွယ်ပေါင်းဘုရင်ပေါ့ကွယ်၊ အဲ့ဒီသူရကျော်ထင် ခွေးဘုရင်ရဲ့စစ်သည်တော် အင်အားက လဲ များပြားလိုက်ထာ တဆယ်နဲ့ နှစ်ယူဇနာရှိသတဲ့ တခါ တခါ ခွေးဘုရင် ကိုင်းခန်းလှည့်လည်ပုံတဲ့။

အဲ-အခုမြင်ကြတဲ့ ရုပ်ပုံထဲက အတိုင်းကိုသာ အတွေး ပေါက်အောင်ဟာ မေးထောက်ပြီး ကြည့်လိုက် စမ်းပါ လား၊ ကိုင်းကွယ်-ဘာတွေကို တွေ့ကြသလဲဟေ့....အောက် ဆုံးက ဆင်နှစ်ကောင်နဲ့ ဆင်နှစ်ကောင်ရဲ့ အထက်ကမှ ခြင်္သေ့၊ ခြင်္သေ့ရဲ့ကျောပေါ်ကမှ ခွေးဘုရင်ရဲ့ တောင်ညာ တင်ထားတဲ့ ဟိနသီရိ အမည်မှည့်လောက်တဲ့ ခွေးမိဖုရား ပေါ့။



မြေခွေးသည် ဗာရာဏသီမြည်ကို အပိုင်စီးရန် စစ်တိုက်ထွက်လာပုံ

မိဂဂဏံ ဂဟေတွာန၊
ဟတ္ထိက္ခန္ဓံဝ အာရုဟံ၊
ဝဒေယဝ တွံ ဟရေ ရာဇ၊
ယုဒ္ဓံဝါ နုန ရဋ္ဌံဝါ။

သိင်္ဂါလော၊ မြေခွေးသည်။ ဟတ္ထိက္ခန္ဓံဝ၊ နှလုံးဘဝင် ပြီးရွှင်ရွှင်ဖြင့် ဝန်းကျင်စုရုံး ဆင်ကျောက်ကုန်းသို့သာလျှင်။ အာရုဟံ-အာရုဟန္တော၊ ခုန်ကာအပြီး တက်ကာစီးလျက်။ မိဂဂဏံ၊ ခြင်္သေ့သစ်ကျား စသောအားဖြင့် များပြား သေ တောင်း သားရဲအပေါင်းကို။ ဂဟေတွာန၊ လာကြ လိုက် ကြ တိုက်ခိုက်ကြပါ အော်ထဟစ်ခါ ခေါ်ယူ၍သာလျှင်။ ဟရေရာဇ၊ ဗာရာဏသီတွင် ငါဘုရင်ဟု စိတ်တွင်မှတ်လျှဉ်း ဟယ်....ပြဟ္မဒတ်မင်း။ တွံ၊ တမိုးအောက်တွင် တယောက် ပင်ဟု ဘဝင်မြင့်လျှင်း အသင်မင်းသည်။ ရဋ္ဌံဝါ၊ ဆယ့် နှစ်ယူဇနာ ကျယ်ဝန်းစွာသည့် ဗာရာဏသီခေါ် နိုင်ငံတော် ကိုလည်း။ အဒါသိနုန၊ အသက်လွတ်ရေး ရှုမျှော်တွေး လျက် မနှေးအတည် ပေးအပ်မည်လော။ ယုဒ္ဓံဝါ၊ အား ချင်းယှဉ်ပြိုင် ရှုံးအနိုင်ဖြင့် အပိုင်ယူမြဲ စစ်တိုက်တဲ့ပွဲကို လည်း။ အကာသိနုန။ ပြိုင်ခါဆိုင်ခါ အံတုခါဖြင့် ခုခါ အတည် ပြုပါမည်လော။ ဝဒေယဝ၊ ကွဲကွဲပြားပြား သိရပြား အောင် ငါအားခုခါ ပြောစမ်းပါလော။ ဣတိ၊ ဤသို့။ ဝဒတိ၊ ထိုင်ခါဟစ်အော် ခြင်္သေ့ပေါ်မှ ကြွေးကြော်သံတွေ ပြောကြားလိုက်လေသတည်း။

ရှစ်လုံးဘွဲ့

မြေခွေးမာန်သွင်း .... ဆင်မင်းထက်မှာ၊
ခြသေ့်တင်ထား .... စီးပြောလျက်သာ၊
နိုင်ငံလုယက် .... တဘက်မကွာ၊
သားအပေါင်း .... ခညောင်းပြုလျက်သာ။

တောင်ညာစံဆိုတာ ဒို့လူလိုတော့ တောင်ညာစံ၊သူတို့ဘာဝခွေးလိုတော့ ဟောင်ညာစံလို့ ဆိုရမယ်၊ သူ့အလိုကိုလိုက်ရင်လိုက် မလိုက်ခဲ့သော် ကိုက်လိုက် ခဲလိုက် ဟောင်လိုက် ဟိန်းလိုက်နဲ့ အနိုင်ကျင့်ပြီးတော့ ယူထားတဲ့ခွေးမလို့ဆိုလိုတာဘဲ၊ ထိုသော်လဲ သူက ပထဝီဇယမန္တန် တန်ခိုးနဲ့အမျိုးမျိုး အကျိုးပေးနေတဲ့အခါ သူကိုယ်တိုင် ကိုက်လားခဲလား ဟောင်လား ဟိန်းလားတော့ လုပ်စရာ သိပ်ပြီးတော့မလိုပါဘူး၊ လေးပေါက်သံကလေးထောက်ဖြင့် အုပ်လိုက်ရုံပါဘဲနဲ့ တူပါတယ်၊ သူ့လက်အောက်က ကျွားသစ်ဆင် ဝက်ဝံစတဲ့ အမှုထမ်း အရာထမ်းတွေရဲ့ စည်းမရှိ ကမ်းမရှိ ချောက်လှန့် ဟိန်းဟောက်ခါ အမျိုးမျိုး မိုက်ရူးရဲလုပ်မှုတွေကြောင့် ခွေးမဟူသမျှ အမြီးကုပ်နေကြရတာ၊သူ့အလိုကို လိုက်ကြရတာပေါ့လေ၊ ကိုယ်ရည်သွေးကို တွေးသာကြည့်ကြတော့ကွယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတော်မူစဉ်အခါက အဲဒီ ပါတီအင်အား အခြွေအရံများသဖြင့် မာနထောင်လွှား ဟောင်လား ဟိန်းလား အူလားကိုက်လား လုပ်လွန်းလို့ ဒုက္ခများကာ ခွေးမျိုးသာမက ကျွဲ

အကြိမ်]

နွား သစ်ဆင်စသော သတ္တဝါတွေပါ အကျိုးမဲ့ သေကြေပျက်စီးရတဲ့အကြောင်းကို ဟောခဲ့သဖြင့် နောင်လာနောက်



ပုရောဟိတ်ပုဏ္ဏားက မြေခွေးအား နိုင်ငံတော်နှင့်မတန်ပြန်ဘိုရန် ပြောနေပုံ

[ပဌမ

သားတွေ သတိတရား ရကြပါစေဆိုတဲ့ မေတ္တာစေတနာနဲ့ ရေးသားဆုံးမ လမ်းပြခြင်းသာ အမှန်ဖြစ်ပေတယ်။ ဒီတော့ အလောင်းတော်က–

ဟာရေ သိင်္ဂါလ ကိ ဝါစံ၊
အဓမ္မံ ပိ တွံ ဘာသသိ။
ဇာဒံ ရဠ္ဌံ လဒ္ဓေါကာသံ၊
နတ္ထိ တေ ဟာသမေဝေတံ။

ဟာရေသိင်္ဂါလ၊ ဂနိုင်ဗွေတွင်း လှိုင်မြေကျင်း၌ မှီတင်းပေါက်ဖွား ဟယ်–မြေခွေးသား။ တွံ၊ ငါကကားပင် စိတ်ကြီးဝင်လျက် အထင်မသေး သင်မြေခွေးသည်။ အဓမ္မံ ပိ၊ ကောင်းဆိုးနှစ်ပါး ကြောင်းကျိုးအားဖြင့် တရားမမျှ အဓမ္မသာဖြစ်ပေစွာသော။ကိ ဝါစံ၊ အထောက်မတန် အကောက်ညာက်နှင့် ဖောက်ပြန်စိတ်ထား အဘယ်သို့သော စကားကို။ ဘာသသိ၊ ဟုတ်ယောင်နိုးနိုး သင်မြှော်ကိုးလျက် အကျိုးမဲ့သာ ဆိုလိုက်ပါသနည်း။ တေ၊ သတ္တဝါအပေါင်း ပျက်စီးကြောင်းကို ကောင်းကောင်းမမြင် စိတ်ကြီးဝင်လျက် အစဉ်ကြားရေး သင်ခွါးသေးအား။ ဇာဒံရဠ္ဌံ၊ အကျင့်သီလ အာစာရနှင့် ပြည့်ဝသည့်သူ များမိုလ်လူတို့ ကြည်ဖြူပျော်မွေ့ဘာရာဏဆိုတဲ့ ဤနိုင်ငံတော်ကြီးကို။ လဒ္ဓေါကာသံ၊ပိုင်သင့်ဆိုင်သင့် ရနိုင်ဘို့အခွင့်သည်။ နတ္ထိ၊ သင့်အားတစေ မရှိပါချေ။ တေံဝစနံ၊ စစ်ဆိုးပြည်အပ် ဒီနှစ်ရပ်ကို ဆိုလတ်ပေ ပြောဤစကားသည်။ ဟာသမေဝ၊ ကြားသူအများ နားဆူအကြွမ်]

ပြော၍ သင့်အားတကယ် များအလယ်၌ ရယ်ဘွယ်ရာသာ ဖြစ်တော့ပါသကည်း။

ရှစ်လုံးဘွဲ့

မြေခွေးစိတ်ယုတ် .... ဟိတ်လုပ်လိုက်တာ၊
နိုင်ငံကိုလား .... နင်အားထိုက်မှာ၊
မာန်တွေသွင်းလို့ .... မြို့ရင်းဆိုက်လာ၊
နင့်အစား .... ဒို့များရှက်လိုက်ပါ။

## တဆင့်တက်၍ ဘဝင်မြင့်ပြီ

ခွေးမင်း ဘယ်အထိ ဘဝင်မြင့်လာတယ်ဆိုတာ ကြည့်ကြစမ်းပါအုံး၊ တိရစ္ဆာန်တွေပေါ်မှာ မင်းလုပ်ရတာနဲ့ တင်းမတိမ်နိုင်သေးဘဲ ဇမ္ဗူဒိပ်ပါတကျွန်းလုံးရှိ လူတွေကိုပါ စိုးအုပ်လို့ မင်းလုပ်ချင်စိတ်တွေ ပေါ်လာသဖြင့် ဒို့ဘုရားအလောင်းတော် ပုရောဟိတ်ကြီးနေတဲ့ ဗာရာဏသီပြည်လို တဆယ့်နှစ်ယူဇနာမျှရှိသော တိရိစ္ဆာန်စစ်ကြီးနှင့် ချီတက်ခါ စစ်ဘက်၍ ပြည်တော်ကို သိမ်းမယ်လို့ ဟိန်းဟောက်အူဟောင်လျက် ပြောင်ပြောင်ကြီး တက်လာကြတော့တာပေါ့၊ ခွေးနှင့်တကွသော တိရိစ္ဆာန်တွေက လူတွေကို နှိပ်စက်ဖျက်ဆီးကာ အနိုင်ကျင့်ဘို့ အခွင့်ကောင်းယူတဲ့ အချိန်ပေကိုက္ကဲ၊ ပါတီအင်အားတောင့်တဲ့အခါဟာ တော်တယ်မတော်တယ်၊ သင့်တယ်မသင့်တယ် ချင့်ရွယ်နိုင်းစာခြင်းမရှိဘဲ ထင်မိထင်ရာ ပြောဆိုလုပ်ကိုင်တတ်တဲ့ စိတ်အစဉ်ဟာ

[ပဋ္ဌမ

သက်စသတ်တော့ လူကိုမဆိုထားနဲ့ ခွေးများတောင် တွင်တွင် လိုက်သေးတာဘဲ။

အင်း····ပြုထိုက်တယ် မပြုထိုက်ဘူးဆိုတာ မသိတဲ့အရေးကြောင့်လဲ ခွေး ခေါ်တာပေါ့လေ။ တွေ့တော့မယ်၊ တွေ့တော့မယ် လူတွေကို တပ်တောင်တာ ခွေးထုနဲ့ ဘေးပြုမယ်လို့ လာကြသတဲ့ဆိုတာ တဆင့်စကား တဆင့်နားနဲ့ ဗာရာဏသီပြည်ရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတွေက ကြားကြတယ်ဆိုရင်ဘဲ ရင်တဖိုဖို အသဲတထိတ်ထိတ်နဲ့ မအိပ်နိုင် မစားနိုင် မှိုင်သူမှိုင် ငေးသူငေး ပြေးသူပြေး လွှားသူလွှားနဲ့ တိုင်းပြည်ကြီးတော့ အတော်ချောက်ချား နေပကောလေ၊ ကောဥ္စာဟလ သတင်းစကားကိုကြားရုံသာမက တစတစနဲ့ သစ်ပင်ပေါ်ကတက်ပြီး ကြည့်သူတွေကလဲ ကြည့်ကြတယ်။

ဒါနဲ့ဘဲ ရက်သတ္တ တပါတ် အတွင်းလောက်သာ ကြာတယ် ရှေ့ပြေးဖြစ်တဲ့ ခွေးတိရိစ္ဆာန် အစအနနဲ့ ဟောင်သံအူသံတွေကြားရတော့၊ နိုင်ငံသူနိုင်ငံသားတွေမှာ အင်း-ပျားပန်းခတ်မျှ ပြေးလွှားကြလျက် ကယ်ကြပါ ယူကြပါနှင့်တစာစာငိုကြွေး၊ ရှင်ဘုရင်ထံ ပြေးသူကပြေး မှူးကြီးမတ်ရာသေနာပတိ များဘိလှစွာပေါ့လေ ကိုယ်တို့ရဲ့ အဆက်ရှိလို့သိရာသိရာ တွေကို ပြေးပြီး ငိုကြွေး တောင်းပန် ကြသတဲ့၊ တိရိစ္ဆာန်တို့ရဲ့ ဘာသာဖြင့် ညာသံတွေ ပေးပြီး ပြေးလာလိုက်တဲ့ အထုအထယ် အသိုက် အဝန်းကြီး ဆိုတာကလဲ တဆယ်နှစ်ယူဇနာဆိုတော့ အေးကွယ် ကြည့်ရှုမြော်မှန်းလို့ ဘယ်မှာဆုံးတော့မလဲ။

အဲဒီအထဲမှာ တချို့များလေ ဘယ်ထိအောင်ဖြစ်သလဲဆို အလိုလို ဒူးတွေ တဆတ်ဆတ်တုန်ကာ သစ်ပင်ပေါ်ကခုန်ချလို့ ကျိုးသူကကျိုး ပဲ့သူကပဲ့ သေတဲ့သူကလဲ သေ၊ မူးဝေလို့တကာထဲ မတ်တတ်ကလဲသူလဲ မျက်ရည်တွေ စိုရွှဲ တနိုင်ငံလုံး ငိုပွဲဆင်ကုန်ကြရဘိကွဲ့၊ ဖြစ်ရပုံ မြန်မာ အစဉ် သမိုင်းမှာ စနစ် မလှဘို့အစုံ ရာဇဝင် ရိုင်းကြဘာပကော....လို့ ဆိုပြီး တတိုင်းပြည်လုံး ဟိတ်ဟန် မမေ့မောက်နိုင်အောင် ဩော်.... လူတွေက တိရစ္ဆာန်တွေကို ကြောက်၊ ဒူးထောက်လို့ ရှိခိုး အမျိုးမျိုး အကြောက်ပေး ပြေးလိုလဲမလွတ်သာ ဝဋ်ကြွမွှာ ဆိုက်ကြတော့မဲ့ဆဲဆဲ နန်းတော်ထဲမှာစုရုံးကြပြီး အကုန်လုံး တိုင်ပင်ကြတဲ့ အခါ၊ ဗြဟ္မဒတ်မင်းတရားကြီးက အလောင်းတော်ပုရောဟိတ်ကို ဟဆိတ်လောက်အကြံထုတ် တိရစ္ဆာန်တို့ရဲ့ရန်တွေ ပြုတ်အောင်ဟာ မလုပ်နိုင်တော့ ဘူးလားလို့ ကြောက်အားသန်လှသောမျက်နှာထားနဲ့ မေးငြားတဲ့အခါ မှန်လှပါ စိုးရိမ်နှောင့်လို့ ကြောင့်ကြတော် မမူပါနဲ့ လူနဲ့ ခွေးမို့ အရေး မထား လောက်ကြောင်း လျှောက်ထား သံတော်ဦး တင်တော့မှ ရွှင်ပျသော မျက်နှာ မင်းနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိ စရိုသောင်းသောင်း အားလုံးသော တိုင်းသူ ပြည်သားတွေမှာ သက်သာရာ ကလေး အတန်ရကြရှာသတဲ့။

အဲဒီလို စည်းဝေး တိုင်ပင်ကြတုန်းမှာ မြို့ပြင်က ညာသံပေးလို့ ခွေးမင်း၏ စေတမန်တွေက နိုင်ငံကိုဘဲအပ်မလား စစ်တပ်ခြင်း ရင်ဆိုင် အပြိုင်ဘဲ တိုက်မလား အမြန်ဆုံး

[ပဋ္ဌမ

အကြောင်းကြားပါလို့ အော်ကြဟစ်ကြတဲ့ အသံတွေဆိုတာ နားမခံနိုင်အောင် ဆူညံနေတာပေါ့။

အင်း-မြို့ပြင်က တိရိစ္ဆာန်တွေကလဲ· တိုက်မယ် ခိုက်မယ် ကိုက်မယ် ဝါးမယ် စားမယ် သောက်မယ် အသံကျယ်ကျယ် အော်၊ ကယ်အော်ရမဲ့ အလောင်းတော်ပုဏ္ဏားကြီးက နန်းတော်မှထွက်ခါ ဘုရင်နှင့်တကွ တိုင်းသူ ပြည်သားတွေကို သက်သာရာပေး မနေ့အောင် မြို့ရိုးတံတိုင်းပေါ် တက်ပြီး အချက်ကျကျရှုစားလိုက်တော့၊ လားလားသူထင်တဲ့အတိုင်း ပထဝီဇယမန္တန် အကျိုးနဲ့ တန်ခိုးကြီးနေတဲ့ ခွေးမင်းအမိုက်ကိုတွေ့သဖြင့် ပုဏ္ဏားကြီးကလဲ ခွေးကိုကြည့် မင်းဖြစ်နေတဲ့ ခွေးကလဲ ပုဏ္ဏားကြီးကိုကြည့် ခွေးကဘဲ စကားစပြီးတော့ မထိတထိနဲ့ ပြောလိုက်ပုံကလေးတဲ့ကွယ်။

အို····အသင်ပုဏ္ဏား အကျွန်ုပ်တို့ရောက်နေတာကိုကြားပါရက်သားနဲ့ အခုလောက်ကြာအောင် ဘယ်အကြောင်းကြောင့် မခန့်လေးစား ပမာမထား လုပ်နေပါသလဲ၊ ရင်ခြင်းဆိုင် စင်ပြိုင်လို့ဘဲ တိုက်ဝံ့မှာလား၊ သို့မဟုတ် အညံ့ခံ လတ်၍ လက်နက်နှင့်တကွ တိုင်းပြည်ကိုဘဲ အပ်မလား၊ အမြန်ဆုံး ပြောကြားပါလို့ ခပ်မာမာကလေး ခွေးမင်းက ရာဇသံပေးလိုက် ပြန်သတဲ့၊ အောင်မယ် ကြည့်ကြစမ်းဟော့ ခွေးဆိုတော့ သိတတ်လိုက်ကြတာ မြို့တွင်း မြို့ပြင် ရှိကြတဲ့ အိမ်တွေက ခွေးတွေနှင့်တကွ ကျွဲ နွား ဆင် မြင်း တွေကပါ သူတို့ဘက်ကို အတော်ပါနေကြတယ်ဆိုဘဲ၊ နဂိုက လူများ ကျေးသမျှစား ထားသလိုနေ ပေးသမျှ အေးအေး နေရတဲ့ အကြိမ်]

တိရိစ္ဆာန်တွေ ကလဲ ခွေးမင်းရဲ့ စကားကို နားထောင် အတော်ကြီးကိုဘဲ ဟောင်ကြ အူကြ ဆူပူကြ လုပ်ကုန်ဘီ ဆိုပါကလားကွဲ့။

ညြှော်—ဒါကြောင့်မို တပြည့်များတို့ရဲ့ ရပ်ရွာ မြို့ပြ အိမ်တွေမှာရှိကြတဲ့ ခွေးတွေဟာ တကောင်ကမှ အူသံကြားရင် မနေနိုင် မထိုင်နိုင်ဘဲ အားလုံးဝိုင်းပြီး အူကြ ဟောင်ကြတဲ့ အလေ့ ဖြစ်လာပေတာကိုး၊ ဖေအော်တော်ရကြပါပေတယ်လို ဆရာကချီးမွမ်းချင်သကွယ်၊ သူတို့အမျိုးကို သူတို့ကူညီဘော် ရလို့ အမျိုးမှန်း သိတတ်ကြတာဟာ များစွာ ချီးကျူးထိုက် ပါပေတယ်၊ တိုင်းပြည်မှာရှိကြတဲ့ လူအခေါ် ခံနေကြကုန် သော လူတပည့်များ သတိထားကြစမ်းပါကွယ်။

ကိုင်း-တွေ့ကြပလား တိရိစ္ဆာန်တွေက လူတွေကိုရာဇသံ ပေးပြီး စစ်ကျေညာပြီ၊ အဲဒီအခါ ကျတော့မှ အလောင်း တော်ပုဏ္ဏားက အသင်ခွေးမင်းအာဏာသံပြင်းလှချေရဲ့ စဉ်း စဉ်းစားစားလဲလုပ်ပါ မဟုတ်တရုတ်တွေကို မပြောဘာနဲ့ တောက သတ္တဝါ ဟောမှာ အုပ်စိုး မြို့သတ္တဝါကလဲ မြို့ မှာအုပ်စိုး လုပ်ရိုးလုပ်စဉ်က လွဲရင် အကုန်လုံး ပျက်စီးမြဲ မမွဲဘာဖြစ်တယ်ဆိုတာသိပါတယ်မို့လား၊ တောသုံးထောင် မှာရှိတဲ့ သတ္တဝါတွေကို အုပ်ချုပ်လို့ မင်းလုပ်ရရင် တော်ပါ တော့၊ ဇေသာသာ ဒီနေရာကဘဲ တပ်ခေါက်လို့ပြန်လောက် စရာ ကောင်းဘီထင်တယ် ခွေးမင်းရယ်လို့ တောင်းပန်ပြော လိုက်တော့ ခွေးမင်းက အို….အသင်ပုဏ္ဏား ကျုပ်အမေးကို သာ တွဲတွဲကြီး အဖြေပေးလိုက်ပါ၊ ပြည်ကိုပေးအပ်မလား၊

[ပဌမ

စစ်တိုက်မလား၊ ဒီစကားရဲ့အခြေကို ကြားချင်လှပြီလို့ ခပ်မာမာ ပြောကြားတဲ့ ခွေးစကားကြောင့်—

အလောင်းတော် ပုဏ္ဏားကြီးက ကေန္တ ဒီခွေးတော့ သွေးကြီး ဘဝင်မြင့်ရောဂါကို ရှောတော့မယ် မဟုတ်၊ သို့သော် ဒင်းတို့ ဘယ်လိုလုပ်မယ်ဆိုတာ သိရအောင် မေးကြည့်လေအုံးမှတဲ့လို့၊ အို-အသင်ခွေးမင်း ကျွန်ုပ်မှာ လက်နက်အင်အား လူအင်အား များစွာရှိတယ်နော်၊ ကြောက်လို့ တောင်းပန်နေတယ် မထင်နဲ့၊ သင်တို့တတွေကို သနားလို့သာ ပြောကြားခြင်းပါ၊ သင်တို့မှာ ဘာလက်နက်တွေ ပါလို့ ဘယ်ဟာနဲ့ပြိုင် လူတွေကို အနိုင်ယူနိုင်မှာလဲလို့ မြေခွေးရဲ့အကဲကို သိလိုရေးနဲ့ မေးလိုက်တယ်ဆိုရင်ဘဲ၊ မာနအကြီးအကျယ်ဝင်နေတဲ့ ခွေးဘုရင်က အို-ဟောဒီခြင်္သေ့နဲ့ တကွ ခြင်္သေ့တွေကို အဟောက်ခိုင်းပြီး ဗာရာဏသီ တိုင်းပြည်ကို အပိုင်သိမ်းမယ်ဆိုတဲ့စကား အလောင်းတော် ကြားတော့မှ ကောင်းပြီ နက်ဖြန်နံနက် နေမင်းထွက်တဲ့အချိန်မှာ နှစ်ဘက်စလုံး သဘောတူ စစ်တိုက်ခါ အနိုင်ယူကြပါစို့၊ သဘောတူရဲ့လားလို့မေးတော့ ခွေးက အင်မတန် သဘောကျတာပေါ့လေ။

အဲဒီလို တဦးတဦး ဂတိထားလို့ စစ်တိုက်ရန် အားယူပြင်ဆင်ကြပြီကွယ်တို့၊ အလောင်းတော်က ခွေးတို့ရဲ့အကြံကို အမှန်အတိုင်း သိရသဖြင့် နန်းတော်ကြီးနှင့်တကွ အိမ်တိုင်းစိ လူအများတို့ ခြင်္သေ့ဟောက်တဲ့အသံကို မကြားရအောင် ညခြင်းပြီး ပုန်းကျင်းများ အတူးခိုင်း၊ နံနက် မိုးသောက် အလင်းရောက်သည်နှင့် နားကို ပဲမှုန့် ဂွမ်းစသည့်

အကြံမ်]

တို့ဖြင့် ပိတ်ဆို့လုံခြုံစွာ တွင်းထဲမှာ ခိုအောင်း၍ ကောင်းကောင်းမွန်မွန် နေကြရမယ်လို့ အချက်ပေးထားတာပေါ့၊ ဒါနဲ့ နံနက်မိုးသောက် စစ်တိုက်ချိန်ရောက်လာသဖြင့် အိမ်တိုင်းအိမ်တိုင်း ရှိသမျှလူတွေသာမက တချို့ ကြောင်ကလေးကြွက်ကလေးတွေ ပုန်းကျင်းထဲဆင်းပြီး နားတွင်းကို ပဲမှုန့်သိပ် ဥမ်းပိတ်နေကြရသတဲ့။

ဒီအခါ အလောင်းတော် ပုဏ္ဏားလဲ ဝတ်စားဆင်ယင်ကျကျနနကြီး ပြင်တဲ့ကာ မြို့ရိုးပြအိုးပေါ်သို့ တက်လာသတဲ့ဆိုရင်ဘဲ ဆင်နှစ်ကောင် အောက်ကထား၊ အထက်နားက ခြင်္သေ့တင် ခြင်္သေ့ပေါ်တွင် ခွေးလင်မယား၊ တိရိစ္ဆာန်တွေကိုလဲ အစီအစဉ် ထားနှင့်ပြီးပြီပေါ့၊ ဒီတော့ အလောင်းတော်ပုဏ္ဏားက ဘာစကားကို ပြောသလဲဆိုတော့၊ တောသားသတ္တဝါ အားလုံးနှင့်တကွ ပျက်စီးခြင်း၏ အနီးသို့ရောက်၍နေသော မြေခွေး၊ အကျွန်ုပ်သည် သင့်အား နောက်ဆုံး သတိပေးပေကော့အံ့၊ သေချာစွာသာ နားထောင်ပါလေ၊ အသင်ယခုကဲ့သို့ ကြီးကျယ် ခမ်းနားစွာ တိရစ္ဆာန် တကာတို့ကို အုပ်ချုပ်၍ မင်းလုပ်ရခြင်းသည် ကျွန်ုပ်ထံမှ သင်ရ၍သွားသော ပထဝီဇယမန္တန်၏ တန်ခိုးကြောင့်သာ ဖြစ်ပေသည်၊ သို့အတွက် ကျွန်ုပ်ဟာ အသင်မြေခွေး၏ ဆရာအစစ်၊ ထိုဆရာကိုပင် သင် ပြစ်မှားမိချေပြီ၊ သင့်ခြေအောက်တွင် ကျရောက်၍ နေသော ခြင်္သေ့သည် သင့်အတွက် နှစ်သက်ဝမ်းသာခြင်းမရှိ၊ မျက်နှာကိုကြည့်တာနဲ့ ငါသိသည်။ ခြင်္သေ့သည်သာလျှင် တောသုံးထောင်ကို စည်းကမ်းတကျ အုပ်စိုးနိုင်သော မင်းမျိုးအစစ် တကယ်ဖြစ်

[ပဋ္ဌမ

လေသည်။ သင်ကဲ့သို့ အောက်တန်းစား ကလေကဝ ခွေး
က ဖြစ်လာတဲ့ မင်းရဲ့စကားကို ခြင်္သေ့မင်း ဘယ်နည်းနဲ့မှ
နားမထောင်ပေရာ၊သင်အဟောက်ခိုင်းသော်လဲ ဘယ်နည်း
နဲ့မှ မဟောက်တန်ရာလို့ ပြောလိုက်တော့။

အို-ပုဏ္ဏား၊ ကျွန်ုပ်ခိုင်းသမျှ အကုန်လုပ်ရမယ်၊ အခု
အဟောက်ခိုင်းတို့ရာ အချိန်စေ့သဖြင့် ခြင်္သေ့ ဟောက်တဲ့
အသံကို ကြားသိရောပေါ့ဆိုတဲ့ကာ ခွေးအာဏာနဲ့ဟောက်
ဖို့ရာ အချက်လဲပေးလိုက်ပါရော ပုဏ္ဏားကြီးလဲ မြို့ရိုးပေါ်က
ဆင်းလို့ ပုန်းကျင်းထဲရောက် ခြင်္သေ့ကလဲဟောက် ခွေး
လင်မယားလဲ စောက်ထိုးမိုးမြှော် ခြင်္သေ့ပေါ်ကကျ၊ ရှိသမျှ
သတ္တဝါတွေ ခြင်္သေ့ဟောက်သံ နားမခံနိုင်ဘဲ နားကွဲလို့
သေတာတွေကသော၊ အထွေထွေပြေးလွှားကာ တကောင်
နှင့်တကောင် တိုးမိတိုက်မိကာတကောင်ပေါ်မှာတကောင်
ပိလို့ ခြင်္သေ့မျိုးတွေမှတပါး၊ ကျန်တဲ့ သတ္တဝါတွေအားလုံး
သေကြေ ပျက်ဆုံးခြင်းသို့ ရောက်ကုန်ပါရောတဲ့ကွယ်၊ အဲ
ဟိုပုံထဲက သဘောအတိုင်းပေါ့။

တေန ဟိ မေ ဗလံ ဒါနိ၊
ပကာသေမိတိ စိန္တယံ။
မိဂရာဇံ ဥယျောဇေတွော၊
သီဟော နဒတိ ဘေရဝံ။

သိဂ်ါလော၊ ဆင်အပေါ်တွင် ခြင်္သေ့တင်လျက် ပလ္လင်
အမှတ် တက်စီးအပ်သည့် တောရပ်မှာဘွား မြေခွေးသား
သည်။ တေနဟိ၊ သို့ကလိုပင် ငါဘုရင်ကို ရယ်ရွှင်သမှု
အကြောင်း]

ပြောင်လျှောက်ခြင်း ပြုခဲ့ပါမူကား။ ဒါနို၊ အရေးကြီးလာ ယခုအခါ၌။ မေ၊ ဆင်မင်းသခင် ငါဘုရင်၏။ ဗလံ၊ ဝသုံ



မြေခွေးအမိန့်နှင့် ခြင်္သေ့ဟောက်လိုက်ရာ သတ္တဝါများ သေကြပုံ

မြေကြီး သွက်သွက်ဟီးအောင် အော်ညီးနိုင်ငြား အစွမ်းအားကို။ ပကာသေမိ၊ သင်တို့လူများ သိရငြားအောင် ထင်ရှားမသွေ ပြလိုက်ပေတော့အံ့။ ဣတိ၊ အဲဒီလို။ စိန္တယံ-စိန္တယန္တော၊ အရှက်ပေါ်တွင် အမျက်ဝင်ကာ ကျင်နာဆွေ့ဆွေ့ ကြိုအောက်မေ့လျက်။ မိဂရာဇံ၊ ပလ္လင်အလား စီးကာထားသည့် သားတို့သေဌ်နှင်း ခြင်္သေ့မင်းကို။ ဥပယျာဇေန္တော၊ ခုခါနှင်ကား ဟောက်ပါလားဟု ကြိမ်းဝါးပြီးခါ တိုက်တွန်းလိုက်ပါသည်ရှိသော်။ သီဟော၊သားများသေဌ်နှင်း ခြင်္သေ့မင်းသည်။ ဘေရဝံ၊ ကောင်းကင်မြေယုံး ပွဲ့တင်ခြိုးအောင် ခြိမ့်အုံးပွက်ညံ ကြောက်မက်ဘွယ်သော အသံကို။ နဒတိ၊ ခြင်္သေ့မာန်သွင်း အာခံတွင်းမှ ဝင်းဝင်းပြောင်လက် အရောင်ထွက်အောင် မပျက်တငေ့ ဟောက်လိုက်လေသတည်း။

ရှစ်လုံးဘွဲ့

ငါ့ကိုသင်တို့ …. ပြောင်လိုလှောင်တာ၊
ငါ့ရဲ့သတ္တိ …. သိတော့ပြောင်စွာ၊
ရဲဘော်ခြင်္သေ့ …. ဟောက်ဟေ့မောင်ရာ၊
အမိန့်ပေး …. မြေခွေးအချောင်ပါ။

ကိုင်း—တွေ့ကြပြီလား ကွယ် တုံးထင်းသဘော ပြောမကောင်း ကြားမကောင်း မြင်မကောင်းအောင် တဆယ့်နှစ်ယူဇနာရှိတဲ့ တောသားတိရိစ္ဆာန်ကောင်တွေ သေကြေပျက်စီးကြရတာဟာ လက်သယ်ရှာလိုက်တော့ ခွေးလုပ်တဲ့အကြံ။

မင်း နေရာမကျမှု ဘဝင်မြင့်တဲ့ရောဂါ မာနကြီးတဲ့ ရောဂါ မာနကြီးမှုပေါ့၊ ခွေးလင်မယားလဲ ကိစ္စများလို့ သွားရှာပြီမို့ လားကွယ်၊ ခြင်္သေ့ ထီးမ ဟူသမျှတွေလဲ ဘာသာဘာဝ ဒီ အခါကျတော့မှ ခွေးခြေထောက်အောက်က လွတ်လပ်ရေး ရကာ တောထဲသို့ပြန်ပြီး ပြေးကြရှာပါလေရောတဲ့။

ဘုံရှုပ်ထဲမှာ .... ဖြစ်မြဲတံထွာ၊
တလှည့်စီဘဲ .... မလွဲမှန်တာ၊
မျိုးမစစ်တော့ .... ဆိုးညစ်ပြန်ရှာ၊
သည်ဝဋ်ကြွေး .... လွတ်ရေးမကြံသာ။

လောကကြီးရဲ့ဓမ္မတာ ဖြစ်ပျက်နေရတဲ့စဉ်အလာတွေကို မြင်ပါ တွေ့ပါကြရဲ့ မဟုတ်လား၊ ငါက အထက်တန်းစား သူက အောက်တန်းစားမို့ အဘက်တန်သလား ဘာလား ညာလားဆိုတဲ့ မာနဟာရားတွေ လောဘ ဒေါသတွေကို မထားကြနဲ့လို့ ဘုရားက တဖွဲ့ဖွဲ့ တားခဲ့တာတွေဟာ ပျက် စီးမှာတွေကို မြင်တော်သိတော်မူလို့ ဒို့တတွေကို သနား လွန်းလို့ မှာကြား ဆုံးမတော်မူတာဘဲကွယ်။ ခြင်္သေ့မျိုးရယ် ခွေးမျိုးရယ် သူဌေးမျိုးရယ် ကျွန်မျိုးရယ်မဟုတ် မြုပ်သူက လဲပေါ် ပေါ်သူကလဲမြုပ် ရှုပ်ချင်တိုင်းရှုပ်နေတဲ့ ဘုံရှုပ်ထဲ မှာ မတရားတာတွေကို ဂုဏ်လုပ်လေ လွဲလေပေါ့၊ အဲဒီလို အလွဲတွေကို လက်ခံလို့ ဆက်ဆံပေါင်းသင်းတယ်ဆိုတာက မျိုးရိုးမမှန်သော သူတို့သာ အမြဲတမ်း လက်ခံ သုံးစွဲလေ့ရှိ သဖြင့် ထိုအကုသိုလ်ကံတွေထိလာတဲ့အခါ ဘယ်နေရာမှာ

[ပဥ္စမ

မှ သက်သာရာမရအောင် ဖယ်လို့မရ တပြုံးလုံး ဒုက္ခတွေကြ ရမြဲ ဓမ္မတာဘဲကွယ်တို့။

ဒါနဲ့ဘဲ အလောင်းတော်ပုဏ္ဏားလဲ ခြင်္သေ့သံတွေ မကြား တော့သဖြင့် နားထဲမှာ သွင်းထားတဲ့ ဝဲမှုန့်နှင့် ဂွမ်းတွေကို ထုတ်ခါ မြို့ရိုးပေါ်က တက်ပြီး အချက်ကြ ကြည့်လိုက်တဲ့ အခါ သတ္တဝါတွေ စစ်ရှုံး အကုန်လုံး သေကြေ ပြေးလွှား ကုန်တာ သိမြင်ရသဖြင့် ဘုရင်မင်းမြတ် ပြဟ္မဒတ်နှင့်တကွ တိုင်းသူပြည်သား လူအများတွေကို ပုန်းကျင်းထဲမှ ထွက် စေကာ လေးဘက် လေးတန် ဝန်းရံပိတ်ဆို့ထားတဲ့ တံခါး တွေဖွင့် မြို့ပြင်သို့ထွက်ခွင့်ပေး သွေးချောင်းစီးမျှ သေကြေ ပျက်စီးနေကြသော သတ္တဝါအမျိုးမျိုးတို့ရဲ့ အသားတွေကို သဘောအတိုင်း စားစေ ယူစေ··· လို့ဆိုသဖြင့် အောင်သေ အောင်သား နေ့ရှိတိုင်း ရက်ရှည်စားရအောင်တဲ့ လူများက မြှင်းဆွဲချ နေပူမှာ အခြောက်လှမ်းကာ အမြဲတန်း စားကြ သဖြင့် အဲဒီအခါကစပြီး အမဲသားခြောက် ပေါ်ပေါက် ခြင်း ဖြစ်ပေတာဘဲ။

သီဟနာဒံ သုတွာ သတ္တာ၊
မရန္တိ ဗဟူ တသန္တာ၊
တဒါ ဇနာ ဂဟေတွာန၊
ဘုဉ္ဇန္တိ မံသလောဟိတေ။

ယဒါ၊ အကြင်ကာလ ခါသမယ၌။ သီဟနာဒံ၊ မြေခွေး စိတ်ကြိုက် အားအင်တိုက်ဖြင့် စိတ်လိုက်မာန်သွင်း ခြင်္သေ့ မင်း၏ ထန်ပြင်းပွက်ညံ ဟောက်သောအသံကို။ သုတွာ၊

ပွဲတင်သံကြီး သိမ့်သိမ့် ဟီးအောင် အော်ညည်းကာတုန် ကြွားကြွကုန်သည် ရှိသော်။ ဗဟူ၊ ကုန်းသား ရေသား ကောင်းကင်သားဟု ပိုင်းခြားမထင် တက်တက်စဉ်အောင် အလွန်ပင်များပြားလှကုန်သော။ သတ္တာ၊ ဆင်မြင်း သစ်ကျား ဝံမျောက်များနှင့် နဂါး ဂဠုန် အလုံးစုံသော သတ္တဝါ အပေါင်းတို့သည်။ တသန္တာ၊ ဆောက်တည်ရာမျှ မရကြဘဲ ကြောက်လှလေတုံ ဆွေ့ဆွေ့ခုန်အောင် အကုန်မှချ တုန်လှုပ်ကြလျက်။ မရန္တိ၊ မြေခွေးကစ မကျန်ရအောင် ကြွားသမျှတွေ သေကြေရလေ ကုန်သတည်း။ မရန္တိ၊ စောက်ထိုး မိုးမျှော် လူးလှိမ့်အော်လျက် မြေပေါ်ပစ်လှဲ ဗုန်းဗုန်းလဲခါ တပြိုင်ထဲပင် သေပွဲဝင်ကြရလေကုန် သတည်း။ တဒါ၊ ထိုခါကာလ သမယ၌။ ဇနာ၊ မင်းနှင့်ပုဏ္ဏား အစထား၍ တိုင်းသားပြည်သူ များဗိုလ်လူတို့သည်။ မံသလောဟိတေ၊ လိုရာကိုသာ လှီးဖြတ်ခါဖြင့် ကြိုက်ရာကိုရွေး သင်တို့၏ အဆီအသား အသွေးတို့ကို။ ဂဟေတွာန၊ ကောက်ခါယူခါ သည်ပိုးခါဖြင့် ဝမ်းသာအားရ ယူဆောင်ကြ၍။ ဘုဉ္ဇန္တိ၊ အောင်သေအောင်သား ဖော်အများနှင့် ပျော်ပါးပိုင်းအုံ စားသောက်ကြလေကုန်သတည်း။

ရှစ်လုံးဘွဲ့

ခြသေ့်ဟောက်တော့ .... ထိတ်ကြောက်တုန်ခါ၊
သတ္တဝါများ .... သေပြားကုန်ရှာ၊
တိုင်းသူပြည်သား .... ယူပြားစုံစွာ၊
သွေးအသား .... သောက်စားအကုန်သာ။

[ပဋ္ဌမ



သေကြေပျက်စီးသော သတ္တဝါတွေကို တိုင်းသူပြည်သားများ ယူငင်ပုံ

အကြိမ်]

ဒါကြောင့် ယခုနေ့ရက်သို့တိုင်အောင် သုံးစွဲနေကြသော စကားတခွန်းရှိတယ်မို့လားကွယ်။ အမဲခြောက်ဖြစ်သွားမယ်၊ ဟဲ့-အမဲခြောက် ဆိုတာတွေဟာ အင်း-တိုင်းသူပြည်သား တပည့်များတို့ အထူး သတိ ထားစရာကတော့-ငါ့မှာ၊ သို့မဟုတ် ငါတို့မှာ ပါတီအင်အား အများကြီးရှိတယ်၊ ဘယ်သူ့ကိုမျှ အလေးဂရု ပြုစရာမလို၊ စိတ်ထင်သလို ပြောဆိုလုပ်ကိုင် နေထိုင်ပြုကျင့်မယ်ဆိုတဲ့ ငါတကော အလေ့တွေဟာ တနေ့မှာ အရေးမလှတဲ့ ခွေးကျ ကျပြီးတော့ ဒိဋ္ဌပျက်စီးတတ်တဲ့အကြောင်း ကောင်းကောင်းကြီး သတိထားကြကွယ်လို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆုံးမဟောပြကာ ထားခဲ့တာပေါ့။

## ခွေးလိုမကျင့် ခွေးတုကိုမနိုးနဲ့

ဧဝမေဝ မနုဿေသု၊
ယော ဟောတိ ပရိဝါရိတော၊
သောဟိ တတ္ထ မဟာ ဟောတိ၊
သိင်္ဂါလော ဝိယ ဒါဌိနံ။

ဘိက္ခဝေ၊ ဝဋ္ဋသံသရာ လွတ်ရန်တာကို ခါခါမြင်တား ငါ့ချစ်သားတို့။ ယောသိင်္ဂါလော၊ ခြွေရံသင်းပင်း များသိခြင်းကြောင့် မာန်သွင်းလေပြား အကြွင်မြေခွေးသားသည်။ သဗ္ဗဒါဌိနံ၊ လုံးစုံသွယ်သွယ် ကြီးမြီးနွယ်၍ အစွယ်ရှိပြား သတ္တဝါအများတို့ထက်။ မဟာ၊ အကြီးအမှူး ဦးစီးတင်အပ်သူပင်မြတ်သည်။ ဟောတိဝိယ၊ စင်စစ်မသွေ ဖြစ်ပါလေ

[ပဋ္ဌမ

သက်ခဲ့သို့။ ဝေမေဝ-ဝေံတထာ၊ ထိုနည်းထားယူ အလားတူ
သာလျှင်။ မနုဿေသု၊ လူ့ဘုံဘဝ ခုကြုံရသည့် ဘဝဟူငြား
လူအများတို့တွင်။ ယော၊ အကြင်သူသည်။ (ယော) ကံစ
ညာဏ်စ နုလံထ၍ ဟန်ကျသွင်မှု အကြင်သူသည်။ ပရိဝါရိ
တော၊ ပါတီအင်အား အမြင်မျ ားကာ ထင်ရှားလောက်လုံ
ပြီးပြည့်စုံသည်။ ဟောတိ၊ အမှန်စင်စစ် တကယ်ဖြစ်၏။
သောပိ၊ နောက်ပါခြွေရံ အတန်တန်တို့ အမှန်ပြောထူ ထို
သည့်သူပင်လျှင်။ တတ္ထ၊ ကောင်းမကောင်းဟု ကြောင်းနှစ်ခု
ကို ပေါင်းရှုမပွား ထိုသူများ၌။ မဟာ၊ ခေါင်းဆောင်ဦးစီး
မြင့်မြတ်တဲ့လူ အကြီးသည်။ ဟောတိ၊ တကတဲ ဘယ်ဝယ်
လွှဲဖယ်လို့ မငြေးနဲ့ကော့ ပွဲလယ်မှာ မဲဆွယ်လို့ မရွေးရပေ
ဘူး မနွေးတန်းအစစ် တကယ်ဘဲ ဖြစ်ရလေ၏။ အထပ္ပဿ၊
အများတကာ ကြည်ညိုဖွယ်ဖြင့် မှီခိုရာမြှောက် တင်ပြီးနောက်
မှ။ သော၊ ထိုသူသည်။ သော၊ ခေါင်းဆောင်ဦးစီး ထို
လူကြီးသည်။ သိင်္ဂါလောဝိယ၊ မိုးမမြင် လေမမြင် ငယ်ထိပ်
ကို သွေးဝင်၍ နုထင်မှာ သွေးစုးသည့် မြေခွေးရူး မြေခွေး
မိုက်ကဲ့သို့။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ ပမာဒံ၊ ရှေ့နောက်
မမြင် မဆင်ခြင်ဘဲ တွင်တွင်မေ့မူး အလေ့ရှုးသို့။ အာပဇ္ဇတိ၊
မင်းမာန်ပေါက်ခါ ရောက်ခဲ့ပါ၍။ တံပရိဝါရံ၊ စားရတုန်း
မို့ ပြိုးပြိုးရှင်ရှင် သူဝင်ငါထွက် တကြွက်ကြွက်နှင့် မပျက်စည်
ကား ထိုပရိသတ် အခြံအရံများကို။ နိဿာယ၊ တသက်ပြီး
တသုတ် ဝင်ထွက်သည်ကို အဟုတ်ကြီးထင်မှတ်ခါ အစဉ်
မပြတ်သည့်အမှုတွေကို ဘဝင်တဖျပ်ဖျပ်နဲ့ အမှီးပြု၍။ ဝိနာ
သံ၊ ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ပါပုဏာတိ၊

အကြိမ်]

မျိုးမစင် ရိုးမမှန် ဖိုးမတန် ဘဝင်မြင့်တာကြောင့် တန်ခိုး ညက်တွေဟာ ဆင်မသင့်နိုင်တော့တဲ့ ဩြော်…စဉ်လွှင့်ကာ ပျက်စီးခြင်းသို့ ရောက်ရရှာလေသတည်း။ ။သာဓု-၃။

ရှစ်လုံးဘွဲ့ ဒေသနာ

ခြွေရံများပြား …. လာဘ်ကားရွှင်ကာ၊
ငါဟာ-ငါဟာ …. မာနဝင်လာ၊
ခွေးသေခွေးကျ …. တွေးဆမြင်ပါ၊
တပည့်များ …. သိပြားစဉ်မကွာ။

လောကအတွင်းရှိ လူအများတို့သည် တရားကို ဆင်ခြင် လက်ခံ ဆက်ဆံသူ အလွန်နည်းပါး၍ နေ့ရှိသမျှ မတရားနှင့် သာ ပေါင်းသင်း ဆက်ဆံကာ လက်ခံသူ များကြချေ သည်။ မှားခြင်းကြီး မှားကြလေစွ၊ မဂ်ရောက် ဖိုလ်ရောက် နိဗ္ဗာန်ပေါက်ဖြစ်သော တရားတော်သည် ဘုရားတဆူကဆူ ပွင့်တော်မူမှ သို့မဟုတ် ဘုရားနှင့်ပင် ကိုယ်တိုင်မတွေ့သော် ငြားလဲ ဘုရား၏ သာသနာတော်ကြီးနှင့်တွေ့ကြုံပါမှ တရား စစ်တရားမှန်တို့ကို တွေ့ရှိသိမြင်နိုင်ကြပေသည်။ သို့အတွက် မတရားကိုပင် မိတ်ဆွေယင်၍ နေ့စဉ်လိုက်စား မိုက်မှား ကျူးလွန်လျက် ရှိကြကုန်သော အသင် တိုင်းသူပြည်သား တပည့်များတို့သည် ဤသို့ ဆရာဆုံးမလိုက်သော (လူသား နွားသား) ဆိုသည့် စာအုပ်ကို တွေ့သည့်အချိန်ကစ၍ မိမိ တို့ သဏ္ဍာန်၌ ခိုဝင်ကပ်စွဲ မပြတ်ဖဲလျှင် အမြဲဝင်၍ နေသော စိတ်ယုတ်မာ လောဘ ဒေါသ မာန စသည့် အမှားခေတ်

[ပဋ္ဌမ

တွေကို တစတစသတ်ပြီးတော့ ရပ်ကြဘို့တော်ပေပြီ၊ ယခု ထုတ်ပြခဲ့သော သမ္ဗဒါငြိ အမည်ရှိသည့် ခွေးမင်း၏အကျိုးမဲ့ ပျက်စီးရခြင်းနှင့် ခွေးကိုကြောက်၍ နောက်ယောင်ခံ လိုက်ကြရရှာသော သတ္တဝါအပေါင်း ထောင်သောင်းများစွာတို့၏ အကျိုးမဲ့ ပျက်စီးရခြင်းတို့၏ အရင်းမူလသော်ကား မာနနှင့်ဒေါသတို့၏ လက်ချက်ပင်ဖြစ်၏၊ မာနတရားသည် လူရယ် ခွေးရယ်လို့ ရွေးချယ်ခြင်းမရှိ သူ့ကိုမှီ ဆက်ဆံလျှင် ပျက်စီးရန်သာ ပြင်ပေတော့ မျက်မြင်ဒိဋ္ဌ သင်တို့တတွေ တွေ့ရပေပြီ၊ အကျယ်တဝင့် ဖွင့်ထုတ်ရေးသားရန် လိုတော့မည် မထင်ပေ။

သို့ရာတွင် ကံမကောင်းလင့် ကြောင်းမသင့်၍ လူနှင့်တူစွာ လူနေရာတွင် လူသာမဖြစ် ဆိုးညစ်ယုတ်စွာ ပါယ်လေးရွာသား ခွေး,ဝက်,ကြွက်,ငှက်, ကျွဲ,နွား စသော တိရိစ္ဆာန်များ ဖြစ်နေရလို့ ကျွေးသလိုစား ထားသလိုနေ စေသလို လုပ်ကိုင် ဆောင်ရွက်ကြရတယ်ဆိုတာက တော်ပါသေး၏၊ ပင်္ကိုသဘော အောက်တန်းစားအမျိုးနဲ့ဂုဏ်ပုဒ်တွေက ခြားသာမှီ စိတ်ကို ပြေမယ်ဆို ပြေအား ရှိပါသေးတယ်၊ ယခုမူ လူကို လူချင်း လူစာရင်းတွင် မသွင်းထား နွားသို့မသွေ ထင်တိုင်းစေသဖြင့် နွားနေနွားသွား နွားစားနွားကျင့် နွားနှင့် တမူ မခြားတူသည်ကို အများလူတို့သည့်များတို့မှာ သတိထား၍ မှားမယွင်းရအောင် နွားစာရင်းဖျက် လူစာရင်း ထွက်ကြစေရန် ဘုရားဟောသုတ္တန်ကို ထုတ်ပြန်နှုန်းပြ ဆုံးမခြင်း ပြုလိုက်ရပေသည်။ တိရိစ္ဆာန်လောကကြီးမှ အမြန်

အကြွမ်]

လွတ်မြောက်အောင် ဆောင်ရွက်အားထုတ် နိုင်ကြပါစေ သတည်း။

တိရစ္ဆာန်လောကကြီး ဖြစ်မဖြစ် တနိုင်ငံလုံးတွေ့ကြုံနေရတဲ့ နေ့စဉ်သတင်းစာတွေမှာပါသည့် အကျင့်တွေကို တပည့်များပင် တွက်ဇစ်လို့သာ ကြည့်ကြပေလော့။

## ရှက်ဖွယ်ကောင်းလေစွ

မြန်မာတနိုင်ငံလုံးရှိ ရဟန်းရှင်လူ ဟူဟူသမျှ အပေါင်းတို့သည် ဤမျှဆိုးဝါးလှသောမကောင်းသတင်းတို့ကို နေ့စဉ်နှင့်အမျှ မရေတွက်နိုင်အောင် တွေ့မြင် ကြားသိနေရပါသဖြင့် အဘယ်သူတဦးတယောက်မျှ စိတ်၏ချမ်းသာခြင်းကို မရနိုင်ကြတော့ပေ၊ မသေရဲလို့သာ နေကြရတော့၏။ ဤမျှဆိုးဝါးလှစွာသော ခေတ်ကြီးတွင် အဘယ်သူမျှ နေချင်စိတ်မရှိကြသည်မှာ မှန်လှပေ၏။ လူလိုသိတတ်လျှင် အလွန်ရှက်စရာကောင်းလေစွ။

## ဘာဖြစ်လို့ ဤမျှပျက်စီးသလဲ

ဤမျှ ပျက်ချင်တိုင်း ပျက်၍နေသော တတိုင်းပြည်လုံး၏ တာဝန်ကြီးကို ဘယ်နည်းနဲ့ရအောင် ကြိုးဆောင် အားထုတ်လုပ်ကိုင်ကြအုံးမှာလဲ၊ ဒီလိုဘဲ ပစ်ထား လိုက်ကြ တော့မှာလား၊ တယောက်တည်း မ၍ မရသော ဝတ္ထုတခုကို နှစ်ယောက် သုံးယောက် လေးငါးခြောက်ယောက် သို့မဟုတ် အများနှင့်ဝိုင်း၍မသော် ကေန်ရမည် မှန်သကဲ့သို့ ထို့အတူ

[ပဉ္စမ

ရစ်ကွက်ဆိုင်ရာ မြို့ရွာတိုင်းပြည်ကြီးနှင့်တကွ အားလုံး သတိရကာ ပြုပြင်လိုက်ကြမည် ဆိုပါက တနှစ် နှစ်နှစ် အတွင်း မိုက်ရိုင်းမှု ဆိုးဝါးမှုတွေပျောက်၍ လိမ္မာ ကောင်းစားမှုတွေ ပေါ်ပေါက်လာမည်ဆိုတာ အသဲစွဲအောင် မြဲမြဲကြီး မှတ်သားကြစေလိုသည့် လူနှင့်တူစေရမည်။

## တူတယ်ထင်တိုင်း မတုနဲ့

ခြသေ့်ကိုတုပြီးတော့ ဖားတွေက မအော်နဲ့၊ ဖားတွေကို တုပြီးတော့ ခရုတွေကလဲ မခုန်လေနဲ့၊ တင်ကျီး ကောင်တွေကို တုပြီးတော့လဲ ကျီးကန်းက ရေမငုပ်လေနဲ့လို့ ထုတ်ပြ ညွှန်ကြား ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတွေ၏ မှာခဲ့သောစကားတွေကို သတိထားကြပါတပည့်များတို့၊ ဒို့မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ဒေဝဒတ်ကဲ့ ဖြစ်အင် တပည့်များ ဆင်ခြင် ကြပေတော့၊ ဒေဝဒတ်ဟာ ဘုရားကိုသင်းခွဲလို့ သူလဲဘဲ ဘုရားလုပ်ခါ ဘူးလုံး နားမထွင်း ခင်ဖျင်းဖျင်း ခပ်ချာချာ နောက်ပါ သံဃာငါးရာနှင့် တောကျောင်းဝိဟာမှာ သီတင်းသုံးနေတဲ့ အခါ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ ဈာန်ပျံ ကြွသွား ငါးရာသော သံဃာများကို တရားလမ်းပြ ဆိုဆုံးမ၍ ဘုရားထံမှောက် ပြန်ရောက်ခေါ်ဆောင်၍ လာရာ တမနေ့သောအခါ မြတ်စွာဘုရားက ဒေဝဒတ်၏ နေထိုင် လုပ်ကိုင် ပြောဆို ကျင့်ကြံပုံတွေကို သိလိုသဖြင့် ချစ်သား သာရိပုတ္တရာ မောဂ္ဂလာန်တို့၊ သင်တို့ ရောက်သွားတော့ ဒေဝဒတ်ရဲ့ အပြောအဆို အနေအထိုင် အလုပ်အကိုင် အမူ

အကြံ ]

အရာတွေဟာ ဘယ်အနေအထားမျိုး တွေ့ခဲ့ရပါသလဲလို့ မေးတော့၊ မှန်လှပါ မြတ်စွာဘုရား၏ အပြောအဆို အနေအထိုင် အတိုင်းပါဘဲဘုရား၊ သို့ရာတွင် အိပ်စက်တဲ့နေရာမှာသာ ပါးစပ်က အသံပေါက် ဟောက်ပြီးတော့ အကြောကြီး အိပ်ထားတခုဘဲ ထူးပါတယ်လို့ လျှောက်ထားတော့ ဘုရားရှင်က အင်း–တော်တော်ခက်တဲ့သတ္တဝါဘဲ၊ မအပ်မရာ မပြုပ်သင့်တာတွေကို လိုက်ပြီးတော့ ပြုပ်တဲ့ အတွက် ဟိုအရင် နုစဉ်အခါတုန်းကလဲ မရှုနိုင် မရှာနိုင် ရေနှစ်လို့ အသေကောင်ဖြစ်ခဲ့ရဘူးပြီလို့ မိန့်တော်မူသတဲ့။

ဒီအခါ ရှင်သာရိပုတ္တရာက ရှေး ဖြစ်ဟောင်းကို ပြန်ပြောင်း၍မိန့်တော်မူပါမည့်အကြောင်း ခွင့်တောင်းလျှောက်ထားသောအခါ၊ ချစ်သား သာရိပုတ္တရာ....ရှေးလွန်လေပြီးသောအခါ၊ ဗာရာဏသီ ပြည်ကြီးကို ဦးစီး စိုးခိုင် စိုးပိုင်အုပ်ချုပ်၊ ဗြဟ္မဒတ်အမည်ရှိသူ မင်းလုပ်တုန်းက ဟိမဝန္တာအရပ်ဝယ်၊ ဘုရားအလောင်းတော်သည် ဝိရက ဟူသောအမည်ဖြင့် တင်ကျီးမျိုး၌ဖြစ်လေ၏၊ အဲဒီတုန်းက ကာသိကတိုင်းမှာ ဝတ်မွတ်ခေါင်းပါးသော ဒုက္ခဘေး ဆိုက်ရောက်လာ၍ လူနှင့်ဟက္ကသော ကျေးငှက် တိရိစ္ဆာန်အပေါင်းတို့ပါ များစွာ ဒုက္ခ ဖြစ်ကြ ပါလေရော၊ မိမိတို့ရဲ့ အသက်တချောင်းကိုပင် ရှင်အောင် မမွေးမြူနိုင်ကြတဲ့အတွက် ထွက်မိထွက်ရာ သွားလာပြောင်းရွှေ့ အဖြာဖြာတွေ့ရာအရပ်မှာ ခိုကပ်နေထိုင်ကြတယ်ချစ်သား၊ ဒီအခါ သဝိဋ္ဌကအမည်ရှိသော ကျီးကန်းဖိုသည် မိမိ၏ မယားဖြစ်သော ကျီးမကို

[ပဉ္စမ

ခေါ်ဆောင်ကာ ဟိမဝန္တာအရပ်သို့ ချဉ်းကပ်၊ ဝိရက တင်ကျီးငှက် ထံရဝ်၌ နေလာသတဲ့။

တနေ့သ၌ အစာရှာ ထွက်တဲ့ အခါ၊ အလောင်းတော် တင်ကျီးငှက်သည် ရေအိုင်ကြီးတခုသို့ ဆင်းသက်၍ များစွာ သော ငါးတို့ကိုစားကာ ကုန်းပေါ်သို့ တက်လာပြီး အမွေး အတောင်တို့ကိုခါ၊ နေမှာလှမ်း၊ ချမ်းချမ်းသာသာ နေထိုင် တာကိုမြင်ရသဖြင့် ရှင်ပျဝမ်းသာ အကြီတခုပေါ်လာပုံမှာ တခါတော့ နေရာကျပြီ ငါးတည်းဟူသော အစားအစာ ရစရာ တင်ကျီးငှက်ကိုခစား၊သူ့ အကြိုက်ကိုလိုက်ပြီး ဖော်လံ ဖားရဟာဖြင့် ဒို့ ထင်မယားနဲ့ ဝမ်းရေးအတွက် စိုးရိမ် ကြောင့်ကြစရာ မရှိတော့ဘူး ဆိုတာ တွက်မိတဲ့ အတိုင်း မဆိုင်းမတွ တင်ကျီးငှက်၏ ထံပါးသို့ အခစား ရောက်ပါ လေရောတဲ့၊ ဒီတော့ အလောင်းတော် တင်ကျီးငှက်က အို–အဆွေတော်ကျီး၊ ဘာကိစ္စ ဘယ်အတွက် လာပါသလဲ လို့ မေးတဲ့အခါ မှန်လှပါ အရှင်တင်ကျီးငှက်မင်း၏ထံပါး မှာ ခစားမပြတ် ဆည်းကပ်နေထိုင်လိုသည့်အတွက် ကျွန် တော်မျိုးရဲ့ အသက်ကို ပေးဆက် အပ်နှင်း လိုကြောင်းပါ ဘုရားလို့ အကြီး အကျယ် ဖော်လံဖားလိုက် တော့တာ ပေါ့ကွယ်။

ဒီအခါ အလောင်းတော် တင်ကျီးက အခွင့်ပြုသဖြင့် ခစားနေထိုင်မှုရ တင်ကျီး ရှာလို့ ရတဲ့ ငါးတွေ ခွဲဝေပေး သဖြင့် ကျီးလင်မယားနှစ်ကောင်လဲ အရေးလှလှ ဝလောက် အောင် စားကြရတာပေါ့။

အကြမ်]

အဲဒီလိုစားလို့ ရက်ပေါင်း တော်တော်များလာတဲ့အခါ တင်ကျီးငှက် ရေအိုင်ထဲဆင်းသက်ပြီး ရေငုပ်ခါ ငါးဖမ်းပုံ အလုံးစုံကို 'အကုန်လုံး သိမြင်ရသဖြင့် ကျီးကန်းက အို– ငါလဲ သူ့လိုဘဲလုပ်ပြီးတော့ သူရှာသလိုရှာရင် ဒီငါးတွေကို နေ့စာ ညစာထားပြီး ဒို့လင်မယား စားနိုင်တာပေါ့၊ သူနဲ့ငါနဲ့ ဘာခြားသေးသလဲ၊ သူလဲမဲမဲ ငါလဲမဲမဲ၊ သူ့မှာလဲ နှုတ်သီးနဲ့ အတောင်နဲ့၊ ငါ့မှာလဲ ဒါတွေ အစုံရှိတယ် ငါ့သတ္တိနဲ့ငါ ရှာတော့မယ်၊ ဂုဏ်ပြိုင်တော့မယ် ပေါ့ကွယ်၊ မင်းတို့ တပည့်ကလေးတွေ အခုလုပ်နေကြတဲ့ ပြည်တော်သာလမ်းစဉ်အတိုင်း ခေတ်သစ် ထူထောင် နေတာတွေလို ပေါ့၊ တူလွှန်းလို့ကွယ် တူလွှန်းလို့၊ အညံ့မခံလိုတဲ့ သဘောပေါ့လေ၊ ဒါနဲ့ နောက်တနေ့အစာရှာချိန်နီးတော့ ကျီးကန်းက ဘယ်လိုပြောသလဲဆို အို–အရှင်တင်ကျီး ကျွန်တော်မျိုးလဲ အရှင်လုပ်ကိုင် ရှာကြံတဲ့ နည်းတွေဟာ အပုံကြီးနားလည်ပြီးဖြစ်၍ ဒီကနေ့ကစပြီး ကိုယ့်ဘာသာကိုယ် ရေထဲမှာငုပ်ပြီး အစာရေစာ ရှာဘို့အရေးကို ခွင့်ပေးပါလို့ ပြောသတဲ့။

ဒီတော့ အလောင်းတော်တင်ကျီးက အို–အဆွေတော်ကျီးကန်း၊ ရူးရူးနှမ်းနှမ်းနဲ့ ထူးထူးဆန်းဆန်း မလုပ်ချင်ပါနဲ့၊ သင် သေပွဲဝင်သွားလိမ့်မယ်၊ ကျွန်ုပ်ရှာဖွေ လုပ်ကိုင်တာ မြင်သဖြင့် အသင်လဲ ရေထဲမှာငုပ်ပြီးရှာရင် ငါးတွေ များစွာရလိမ့်မယ်လို့ ထင်တာဖြင့် တက်တက်စဉ်မှား မင့်မယား မုဆိုးမ ဖြစ်ရုံ ရှိမယ်၊ သင်နဲ့ကျွန်ုပ်ဟာ အသွေး အမွေး၊ အတောင်အလက်ချင်း တူသည်မှာ မှန်၏၊ သို့ရာတွင် ကျက်

[ပဋ္ဌမ

စားနေထိုင်ပုံချင်း ကွာတယ်၊ ကျွန်ုပ်က ရေထဲမှာ အမြဲတန်း ကျက်စားတယ်၊ အသင်က တောတောင်သစ်ပင်စတဲ့ ကုန်းဘက်မှာသာ ကျက်စားသွားလာလေ့ ရှိတယ်၊ သို့ကြောင့် ရေထဲမှာဆင်းပြီး ငုပ်မယ်ဆိုတဲ့ အကြံကို အမြန်ဖျက်လိုက်ပါလို့ တားပေမဲ့ မပြောဝံ့လို့သာ နားထောင်နေရတယ်၊ စိတ်ကတော့ သူ့လောက်များ ငါလဲ သတ္တိရှိသေးသတဲ့၊ တင်ကျီးမျှ ဘယ်မှာကမတုန်း၊ ဖြုန်းဆို အလောင်းတော်လဲ ရေထဲငုပ်အသွား၊ မောင်မင်းကြီးသား ကိုရွှေကျီးကန်းကလဲ ဖြန်းကနဲဆို ရေထဲခုန်ဆင်း ငုပ်လျှိုးသွားပါလေရော၊ ငါးရတို့ နေနေသာသာ ဒိုက်ကြိုမှော်ကြားက တိုးမထွက်နိုင်တော့ဘဲ သေပွဲကို ဝင်ရရှာသတဲ့၊ နေဝင်လို့ အိပ်တန်းမလာတော့ ကျီးကန်းပဘာယက်ညှာမှာ မသက်မသာ မျက်ရည်စတွေနဲ့ ရတက်ဖြာကာ ခက်ပွေလှသဖြင့် အလောင်းတော်တင်ကျီးရဲ့ ရွှေမှောက်မှာ အမေး ထောက်လိုက်ပုံကလေးက—

အပိ ဝိရက ပဿေသိ၊
သကုဏံ မဉ္ဇုဘာဏကံ။
မယူရဂီဝသင်္ကာသံ၊
ပတိ မယှံ သဝိဋ္ဌကံ····တဲ့။

ဝိရက၊ ကျွန်တော်မတို့ရဲ့ ရွှေဆောင်ဦးစီး အို-အရှင်တင်ကျီး။ မဉ္ဇုဘာဏကံ၊ နှစ်သက်စရာ သာယာချိုမြသော အသံရှိထသော။ မယူရဂီဝ သင်္ကာသံ၊ ဥဒေါင်း လည်ဆံတည်အမှန်ဖြင့် သဏ္ဍာန်တူသော အဆင်းရှိထသော။ မယှံ၊ အကြွမ် ]

ကျွန်တော်မ၏။ ပတိ ၊ ကာမဂုဏ်ငွေ အာရုံလေ့ဖြင့် ပျော်မွေ့ထင်ရှား လင်ယောကျ်ားဖြစ်သော။ သဝိဋ္ဌကာ၊ သဝိဋ္ဌက အမည်ရသော။ သကုဏံ၊ အရှင်နှင့်မူ အစာယူတို့ အတူသွားထွက်ကျီးကန်းငှက်ကို။ တွံ၊ ကျေးဘူး ပေးဘူး ဂုဏ်ကျေးဇူးဖြင့် အထူးရှိပြီး အရှင်တင်ကျီးသည်။ ပဿေသိ အပိ၊ အတူသွားလာ တူစားမှာမို့ ဘယ်နေရာတွင် တွေ့မြင်ပါသိသနည်း အရှင်တင်ကျီး····တဲ့။

## ကျီးကန်းမ ဒုက္ခများရှာပြီ

အလောင်းတော် တင်ကျီးထံမှောက်သို့ သွားရောက်တဲ့ပြီး၊အို-အရှင်တင်ကျီးမင်းရဲ့ အသွေးအရောင် မွေးအကောင်တို့ဖြင့် မည်းမှောင်ဖြိုးပြက် ဥဒေါင်းငှက်ဟန် လည်တံသန့်ရှင်း ကျွန်တော်မ၏ ထင်ရင်းမှန်ငြား သဝိဋ္ဌကအမည်ရှိတဲ့ ကျီးကန်းငှက်အား အတူသွားအတူလာမို့ ဘယ်အနားမှာများ တွေ့မြင်တော်မူပါသလဲ၊ ခုထက်ထိ အိပ်တန်းမတက်သဖြင့် အနေရ အထိုင်ရခက်လွန်းလို့ အရှင်တင်ကျီး သိမြင်ချက်ကလေး ပေးစမ်းပါတဲ့၊ ပြော်-ကာမဂုဏ် မျက်စိဆိုတာ ဖြူပြန်တော့လဲ ဖြူလို့ဘဲ ချစ်စရာတဲ့၊မဲပြန်တော့လဲ ခုတင်ကကျီးကန်းမပြောလိုက်တဲ့စကားဟာ အမယ်မင်း ဥဒေါင်းရဲ့လည်ဆံမခြား၊ တသားထဲ အမွေးအရောင်တွေက တူပြန်သတဲ့၊ ဒါကြောင့် အသားမည်းနက် ကျီးငှက်တမျှ ဂေါရင်ဂျီမတွေဟာ သူတို့သားသမီးကလေးတွေကိုချစ်လို့ အားမရနိုင်ဘဲ ခဏခဏ နမ်းရှုပ်ကြတာလေ။ အင်း–တကျော-တကျော ကိုယ့်ဟာကိုယ် တော်တော်အထင်ကြီးအောင် မြှောက်ပေး

[ပဉ္စမ

တဲ့ခေတ်ပဲကွဲ၊ အေး-အဲဒီလို ကျီးကန်းမမှာ မနေတတ်မထိုင်သာတဲ ပျာကရာပြေး အလောင်းတော်တင်ကျီးကို မေးလိုက်တော့ ဘယ်လို အဖြေပေးလိုက်ပါသလဲဆို အို-ခုထက်ထိ နင့်လင် ပြန်မလာသေးဘူးလား၊ ငါနဲ့ ဒီကနေ့ ခဏတဲ တွေ့တယ်၊ အဲဒီ တွေ့တဲ့အခါမှာ ဘယ်တုန်းကမှ မပြောဘူးတဲ့ စကား ငါ့ကို ပြောကြားတယ်၊ စိတ်ကူးစိတ်ကန်း ရွှင်းနှမ်းနှမ်းနဲ့ ငါ့ကို အံတုကာ ငါးရှာပုံ အကြံဆန်းပြီးတော့ ကေန္တ နင့်ထင်ဟာ မပြန်လမ်းကို သွားပြီထင်တယ်၊ ငါ တားမြစ်တဲ့ စကား သူနားမထောင်လို့ သေဘောင်ကို ပြောင်းတာနဲ့တူသဟဲ့လို့-

> ဥဒကေ ထလစရဿ ပက္ခိနော၊
> နိစ္စံ အာမကမစ္ဆဘောဇနော။
> တဿာနုကရံ သဝိဋ္ဌကော၊
> သေဝါလေပလိဂုဏ္ဌိတော မတော ...တဲ့ကွယ်။

ကာကိ၊ ကျီးမ။ ဥဒကထသစရဿ၊ ရေသမားက ရေမှာနားလယ်၊ ကုန်းသမားက ကုန်းမှာနားလယ်၊ ထိုနှစ်သွယ်တွင် တကယ်ကျက်စားခြင်းငှာ စွမ်းနိုင်ထထော။ ပက္ခိနော၊ ငှက်သည်။ နိစ္စံ၊ အမြဲ။ အာမကမစ္ဆဘောဇနော၊ ဆယ်ယူ၍ပေးအပ်သည့် ငါးစိမ်းကိုစားသော။ သဝိဋ္ဌကော၊ သဝိဋ္ဌက အမည်ရသော နင့်လင်ကျီးကန်းသည်။ တဿ၊ မကျင်လည်ဘဲ ကျင်လည်နဲ့သို့ အမြဲခုခါ ငါ့ကိုတုခါ။ အနုကရံ-အနုကရန္တော၊ ငါ့ကိုတုရင်း ရေမှာဆင်း၍ ထင်လင်းမှန်စွာ ငါးကိုရှာခြင်းကြောင့်။ သေဝါလေ၊ မှော်ပင်အများ မှော်အတြိမ်]

တွေကြား၍။ ပလိဂုဏ္ဍိတော၊ တိုးမထွက်နိုင် ညှိုးလျက်မှိုင်ကာ အပြိုင်သော်ငြိ မှော်ဓတွေပါသည်ဖြစ်၍။ မတော၊ သောလေပြီ။ မတော၊ ငါ့ကိုအန္တ၊ ဂုဏ်ခံပြုကာ အခြေယိုယွင်းရေကိုဆင်း၍ နင့်လင်ရှင်း ငါးကိုရှာသဖြင့် မှော်တွေဟာကိုယ်ပေါ်ပိပြီးတော့ မချိအောင် သေနယ်တွင်းကို ဟယ်–ကျီးမရဲ့ ထင်လင်းစွာ ရောက်ရလေပြီ ထင်တကား။

အဲဒီလိုလဲ အလောင်းတော်တင်ကျီးက ဟဲ့-ကျီးမရဲ့ နင့်လင်ကျီးကန်း ဒီကနေ့အဟာတ်ဆန်းတာနဲ့ ကောန္တ သေလမ်းကိုသွားပြီအမှန်ဘဲလို့ အကျိုးအကြောင်းတွေကိုပြောပြလိုက်တယ်ဆိုရင်ဘဲ ကျီးကန်းမမှာ ငိုကြွေးတမ်းဏ ပင်ပန်းလှလျက် ကျီးကန်းမတို့ ဆွေမျိုးရှိရာ ဗာရာဏသီပြည်သို့ ပြန်သွားရရှာသတဲ့။ အဲဒီတရားကို ရှင်သာရိပုတ္တရာအား ဘုရားက ဟောပြဆုံးမသည်ကို တပည့်တစုတို့ သတိပြုဘို့အလွန်ကောင်းလှပေ၏၊ ဆရာတို့တိုင်းပြည်နှင့်လူမျိုးဟာ ဗုဒ္ဓဘာသာတိုင်းပြည် မြန်မာလူမျိုးတွေဖြစ်ပေသည်၊ရတနာသုံးပါးထွန်းကား၍ ကုသိုလ်ကံ အကုသိုလ်ကံကို လေးစားသောအမျိုးသားဖြစ်ပေသည်၊ သဘာဝဓမ္မလမ်းမှန်ရသဖြင့် ဒါန, သီလ, ဘာဝနာ သုံးဖြာသော တရားတို့ကို လိုက်စား ကျင့်ကြံသော လူမျိုးဏ သူဘာပါး အတုကိုခိုးကာ ဟုတ်နိုးနိုးနည်းအဆန်းတွေကြောင့် ကျီးကန်းသေ မသေ ကြံစေလိုကြောင်း လက်မတွေ့အာမခံ ခုကြံခုပြော ခုလုပ် ခုအဟုတ်ကိုဖြစ်နိုင်သည် ပျက်နိုင်သည် ဆိုသော သုံးလူထွဋ်တင် ဘုရားရှင်၏ အင်မတန်အထက်တန်းကျတဲ့ ဘာသာ ဝါဒကြီး

ထက်ကိုင်ရှိပါရက်သားနဲ့ ယောင်ဝါးဝါး ပျက်ချော်ချော် မသူတော် အမှုမျိုးတွေကို အတုခိုးမိလို့ အားထား ပျောက် ပြီး တနိုင်ငံလုံး ငါးပါးမှောက်နေသည်ကို သိယောက်ဘို့ တော်ကြပေါ့ တပည့်များ။

ဒေဝဒတ်ရဲ့ အတတ်ဆန်းတွေကို ရပ်တန်းကရပ်၍ မြတ် စွာဘုရား ဆုံးမတဲ့ အမှန်လမ်းကို ပျံ့သန်း လေ့လာကာ နေ့မကျွာ ညမယုတ် အားထုတ်လိုက်နာ ကျင့်ကြံကြတာဖြင့် တပည့်များ ပြောဆို ကြွေးကြော်နေကြတဲ့ လောကနိဗ္ဗာန် ကို အမြန်ရတဲ့အပြင်....သေခါးပြီးသည့် နောက် သံသရာရဲ့ အကောင်းဆုံး နိဗ္ဗာန်ကို ကေန်မျက်မှောက်ပြုနိုင်မယ်ဆိုတာ ပြောသံကြားနဲ့ မယုံကြည်သေးဘဲ ယက်တွေ့စမ်းပြီးတော့မှ ယုံတမ်းဆိုတဲ့ စာရင်းသွင်းရအောင် အချင်းချင်း နားလည် ရအောင် ထမ်းပြ ရှေ့ဆောင် တော်မူကြ စေလိုကြောင်း၊ မြတ်စွာဘုရား၏ သားတော် သွီးတော် မြေးတော် မြစ် တော် ဖြစ်ကြ ကုန်သော ရဟန်း ရှင်လူ ပြည်သူ အပေါင်း သူတော်ကောင်းတို့။

## ဗုဒ္ဓဘာသာ၏ရေသောက်မြစ်

ဗုဒ္ဓဘာသာ မြန်မာတိုင်းပြည် အတွင်းရှိ ဗုဒ္ဓဘာသာ မိဘများသည် မိမိတို့၏ ရင်ဖွား သားငယ် သွီးငယ်ကလေး တို့အား စကားပြောတတ်သော အရွယ်မှစ၍ အခြားသော စကားတို့ထက် အောက်ပါ စာစကားတို့ကို အရေးတကြီး သင်ကြား၍ ပေးကြပါလေ။

ထိုစကားတို့၏ အဓိပ္ပါယ်တို့ကို မိဘများကိုယ်တိုင် နားလည်အောင် လေ့ကျင့်၍ သားသမီးကလေးများကို နားလည်အောင် အဓိပ္ပါယ် ပြောထားကြပါလေ၊ ယင်းစဉ်ကစ၍ ကလေးများ သိကြားနားလည်ထားခဲ့သော် ဗုဒ္ဓဘာသာ၏ ရေသောက်မြစ် ခိုင်မာလာလိမ့်မည်ကို အထူး အာရုံ ပြုကြပါလေ တပည့်တော်တို့…။

---

## စက္ကူကုန်သည် ဦးမောင်ကြီး၏
## ဗျည်း သုံး ဆယ့် သုံး လုံး ဘု ရား ရှိ ခိုး

* (က)ကြီးဆိုဘိ၊ ထိုကိုလေသာ၊
မာရ်ကိုအောင်သား၊ ခေါင်ဖျားမြတ်စွာ၊
(ခ)ကွေးစံပြု၊ ခန္ဓမာရ်ပေါ၊
အောင်မြင်ချက်၊ အနက်မှတ်သညာ။

* (ဂ)ငယ်ဘိုးထား၊ ကိုးပါးဂုဏ်ဝေါ၊
(ဃ)ကြီးဆောင်၏၊ ဃင့်ပြဟွာ၊
ဆက်လာသက်နှင်း၊ ဆင်မြန်းရွှေကြာ၊
(င)သီတင်း၊ အောင်ခြင်းမာရ်ငါးဖြာ။

* (စ)လုံးသည့်ကား၊ မှတ်သားလေပါ၊
နတ်လူရှိညွှတ်၊ ရှင်ထွဋ်မြတ်စွာ၊
ထွန်းတောက်ဖြန့်မိုး၊ တန်ခိုးတေဇာ၊
ပြိုင်ဘက်ကင်း၊ နှိမ်ခြင်းပကြာဝဉာ။

* ဒုစရိုက်ဆယ်ပါး၊ ပယ်ရှားကာနှိမ်၊
သိရန်ဆိုနည်း၊ ထိုဗျည်း (ဆ) လိမ်၊
ဇာတိသရ၊ ခိုင်စွတည်ငြိမ်၊
ညဏ်ရမြဲ၊ (ဇ) ကွဲပုဒ်ဝယ်ကြိမ်။

အကြိမ် ]

* ဈာန်သမာပတ်၊ ပြည့်ထတ်တော်မူ၊
ထို(ဈ)မျဉ်းဆွဲ၊ တနဲ့မှတ်ယူ၊
ဧည့်ယျမ်ငေါ်း၊ တရားဆူဆူ၊
ပြည့်စုံသော၊ သဘော (ည)ပင်ဟူ။

* သံသရာဘေး၊ လွတ်ရေးကိုရှုယ်၊
ဋီကာလက်တမ်း၊ ခေါင်ရမ်းသွယ်သွယ်၊
ဘာရာမရှိ၊ မြင်သိလွယ်လွယ်၊
(ဋ)သံလျှင်း၊ ဆောင်ကျဉ်းအမိပ္ပါယ်။

* (ဌ)ဝမ်းဘဲဟု၊ စွဲပြုဆင်ခြင်၊
ပဋ္ဌာန်းကိုယည်း၊ တနည်းအောင်မြင်၊
ဒိပက်ရ၊ ဗုဒ္ဓရှေ့တွင်၊
(ဍ)ရင်ကောက်၊ လျှားမှောက်ဗျာဒိတ်ဆင်။

* ကောဏ္ဍဉ်ပုဏ္ဏား၊ ဘုရားကောန်၊
ဖြစ်မည့်အကြောင်း၊ လက်ချောင်းပြဟန်၊
တပ်အပ်ပေဟာပြော၊ သဘောမှန်ကန်၊
(ဎ)ရေမှုတ်၊ ဖော်ထုတ်ခဲ့ပေပြန်။

* တဏှာလောင်မြိုက်၊ မှောင်မိုက်ထူထူ၊
အောင်နိုင်ဖျက်ဆီး၊ (ဏ)ကြီးတမူ၊
ကိတ္တိမျှားစွ၊ သုံးမပေသူ၊
ထောင်မကာ၊ ဆောင်ပြ(တ)ဝမ်းပူ။

[ပဉ္စမ

* (ထ)ဆင့်ထူးဟု၊ ရင့်ကြူးသာပြန်၊
ထူးသည့်ဂုဏ်ပေါင်း၊ အကြောင်းဟုတ်မှန်။
ဒိဗ္ဗစက္ခု၊ ဆောင်ရှုနိုင်ဟန်၊
ဖော်ပြရေး၊ (ဒ)ဒွေးနိမိတ်ဖန်။

* မိဂဒါဝေတာ၊ လှိုင်ပြောသာယာ၊
မိန့်မြွက်ဟောပြ၊ ဓမ္မစကြာ၊
သစ္စာလေးပါး၊ တရားမှန်စွာ၊
(ဓ)အောက်ချိုက်၊ အမြိုက်ဆိုရသာ။

* (ဖ)ဦးထုတ်ပြ၊ မဂ္ဂဖလံ၊
ချမ်းသာအောင်မှု၊ ဆောင်ပြုနိုင်းစံ၊
(ဗ) ထက်ချိုက်သုံး၊ ပိုက်ကြိုးယူခံ၊
အဟောရှိ၊ ဗောဓိပလ္လင်ကံ။

* ဣသာရိယာ၊ ဓမ္မရသာ၊
သိရိကာမ၊ ပယတ္တပါ၊
ကြည်လင်ရွှင်မြူး၊ တင့်ထူးဝေဆာ၊
ခြောက်ရောင်ဘုန်း၊ (ဘ)ကုန်းအနက်ဖြာ။

* (မ)ဟူသည်ကား၊ မြတ်ဖြားအရှင်၊
မစ္ဆုမာရ်အား၊ အောင်ထားချက်လျှင်၊
ရတနာနှင့်ပြိုး၊ ရွှေထီးပလ္လင်၊
အောင်သဘော၊ ဆောင်ပြောရသည်ပင်။

* နီလပီတ၊ ခြောက်ဝရောင်ခြည်၊
(ရ) ကောက်ဖော်ပြ၊ ပြည့်လှတလည်၊
လူ့ပြည်သုံးပါး၊ ဘက်ရှားပြိုင်ရည်၊
အမြင့်ရှင်း၊ ထင်လင်း (ထ) ဟူသည်။

* မာရနက်မင်း၊ စစ်ခင်းသူပုန်၊
ပလ္လင်လုနည်း၊ ထန်သည်းအဟုန်၊
သက်သေခံလတ်၊ မြေနတ်ဝသုန်၊
အကြောင်းပြု၊ ကောင်းမှု (ဝ) ၏ဂုဏ်။

* သဗ္ဗာလေးပါး၊ သိပြားတည်ကြည်၊
(သ) စာလုံးမှ၊ ထုံးပြကာရည်၊
ဟန္ဒဒါနီ၊ ပါဠိမတော်ညီ၊
ရဟန်းပေါင်း၊ သင်ကြောင်း (ဟ) ဟူသည်။

* လပြည့်ဝန်းသို့၊ တင့်ရွှန်းကြည်သာ၊
မျက်နှာတော်ပြီး၊ (ဠ) ကြီးဆိုရာ၊
အာရုံမလင်း၊ လွတ်ကင်းအာသဝါ၊
အာသွက္ခယ၊ ဉာဏ်ပြ (အ) သဒ္ဒါ။

* အက္ခရာပြု၊ ဗုဒ္ဓရုပ်၊
ရင့်ဆိုကျူးလို့၊ ကြည်နူးစွာအံ၊
ပညာရောင်လင်း၊ အောင်ခြင်းဖလံ၊
မျက်မှောက်ပြု၊ ရောက်မှုပြည်နိဗ္ဗာန်။

အားလုံးသော သာသနာပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ
ကိုယ်စိတ်နှစ်ပါး ချမ်းသာတော် မူကြပါစေ။

ပုံ-ဦးညေယျ၊ သာယာဝတီ

ဤတွင် ပြီးလိုက်ပြန်ပြီ။

---

# စာမူခွင့်ပြုခြင်း

ကျေးဇူးရှင် သာယာဝတီ ဦးညွှယ် ဆရာတော်ကြီး၏ စာမူများကို ဆရာတော်ကြီး၏ ထားရှိရင်း စေတနာအရ မကွယ်ပအောင် လျှော်စွာပြု၍ တိုင်းသူပြည်သား တပည့် အများ ကြည့်ရှု နိုင်ရန်အတွက် ဆရာတော်၏ မူလဌာန မြန်မာနိုင်ငံလုံးဆိုင်ရာ အောင်ခြင်းအဖွဲ့ချုပ်ကြီး၏ တည်ရာ အောင်ခြင်း အဖွဲ့ချုပ်ကြီးကို ဆက်လက် ခံယူတော်မူသော ဆရာတော် ဦးပုညသေဠ္ဌက ပဌမအကြိမ် ရိုက်နှိပ်ဖြန့်ဝေရန် ဤစာမူကို ခွင့်ပြုလိုက်သည်။

သာယာဝတီဆရာတော်-ဦးညွှယ်ကိုယ်စား

ဦးပုညသေဋ္ဌ
အောင်ခြင်းစာသင်တိုက်
ဗားကရာယမ်း-ကြည့်မြင်တိုင်
ရန်ကုန်မြို့။

[ပဌမ

# အလိုရှိသောစာအုပ်များကိုမှာပါ

လောကီ၊လောကုတ္တရာ ကျမ်းစာအုပ် အမျိုးမျိုးကို
အဖိုးနှုန်း ချိုသာစွာဖြင့် ရနိုင်ပါသည်။
ရပ်ဝေးမှ မှာယူပါက ကောင်းမွန်စွာ စာတိုက်မှ (ဗီ-ပီ-ပီ) နှင့်
တင်ပို့ပေးပါသည်။

ဦးထွန်းကို-ဒေါ်ညွန့်

**ထွန်းပညာ ပိဋကတ်စာအုပ်ဆိုင်**

ဆဋ္ဌမူ ကျမ်းစာအုပ်များ အရောင်းကိုယ်စားလှယ်

၅၀/၅၂၊ ရွှေတိဂုံဘုရား အရှေ့မုခ်၊ ရွှေဂုံတိုင်စာတိုက်၊
ရန်ကုန်မြို့။

---

ဦးသိန်း

**ပိဋကတ်မဏ္ဍိုင် စာအုပ်ဆိုင်**

၈၊ ရွှေတိဂုံဘုရား ဈေးတော်ရုံ၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

---

ကိုဝမ်ကြည်

**ပိဋကတ်ကျမ်းစာများနှင့်**

**ပြည်လုံးချမ်းသာ ဆေးတိုက်**

ဆိပ်ငယ်ဈေးအနီး၊ မြိတ်မြို့။

၂၉